# The Arakan International

# နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

အမှတ် (၅)
မေလ
၂၀၁၁ ခုနှစ်။

# အကက်ဖ်အေအိုင်ဒီ(FAID)














***ဆောင်းပါးဂေါင်းစဉ်ဖြစ်တေအကက်ဖ်အေအိုင်ဒီဇာလဲဆိုစွာကိုမသျှင်းပြခင်မှာဒေ၊၂၀၁၁ခုနှစ်၊ မေလ ၁၂ ရက်နိက ၃၁ ရက်နိထိအတွင်းကမ္ဘာအရပ်ရပ်မှာဖြစ်ပျက်ခရေအကြောင်းအရာများစွာထဲကအဖြစ်အပျက်စိကေချေကိုထုတ်နှုတ်တင်ပြချင်ပါရေ။***

မေ၁၂။ ။ နာဇီအကျဉ်းစခန်းမှူးဟောင်းတဦးအားဂျာမန်တရားရုံးမှထောင်ဒဏ်၅နှစ်အပြစ်ပီးလိုက်ပြီး၄င်း၏အိုမင်းလွန်းသည့်အသက်အရွယ်ကြောင့်လျှော့ပေ့ါစဉ်းစားမှုများပြုလုပ်လားမည်ဟုသတင်းကဆိုသည်။

မေ၁၃။ ။ အပြည်ပြည်ဆိုင်ရာတရားရုံးချုပ်သည်လိဗျားတွင်လူသားမဆန်သည့်ပြစ်မှုကျူးလွန်မှုများအတွက်တရားခံများကိုမကြာခင်သတင်းထုတ်ပြန်ဖမ်းဝရမ်းထုတ်လားမည်ဟုဆိုသည်။

မေ၁၆။ ။ ၁၉၇၀ခုနှစ်များအတွင်းကျူးလွန်ခသည့်လူသန်းပေါင်းများစွာသတ်ဖြတ်မှုကြီးတွင်ပါဝင်မှုဖြင့်ခမာနီဂေါင်းဆောင်ဟောင်း၄ဦးအားဂျုန်လ၂၇ရက်နိတွင်တရားရုံးတင်စစ်ဆေးလားရန်ရက်ချိန်းသတ်မှတ်လိုက်ကြောင်းဖြင့်ကမ္ဘာ့ကုလသမဂ္ဂနောက်ခံပြုထားသည့်ကမ္ဘောဒီးယားနိုင်ငံစစ်တရားခုံရုံးမှသတင်းထုတ်ပြန်သည်။

မေ၁၆။ ။ အပြည်ပြည်ဆိုင်ရာငွေကြေးရံပုံငွေအဖွဲ့အကြီးအကဲဒိုမိနိစထရော့ခန်သည်နယူးယော့မြို့ဟိုတယ်အလုပ်သမားအမျိုးသမီးနှင့်လိင်မှုအယှုပ်တော်ပုံဖြစ်ပေါ်ပြီးနောက်အေနိတွင်အဖမ်းခံရသည်။

မေ၁၆။ ။ စစ်ဖက်အုပ်ချုပ်စဉ်ကာလများအတွင်းလက်နက်ကိုင်ဆောင်မထားသည့်ပြောက်ကျားများအားသတ်ဖြတ်ပစ်မှုဖြင့်အာဂျိန်ထီးနားစစ်အရာဟိဟောင်းဂယောက်အားထောင်ဒဏ်တသက်စီကျခံစီရန်စစ်တရားခုံရုံးမှချမှတ်လိုက်သည်။

မေ၁၇။ ။ ၁၉၉၄ခုနှစ်အတွင်းကကျူးလွန်ခသည့်မျိုးတုန်းသတ်ဖြတ်မှုတွင်ပါဝင်ပါက်သက်မှုဖြင့်ရဝမ်ဒါစစ်ဦးစီးချုပ်ဟောင်းအော်ဂတ်စတိန်ဘိန်ဇီမင်ဂူအားရဝမ်ဒါတရားရုံးတော်မှထောင်ဒဏ်အနှစ်၃၀အပြစ်ပီးလိုက်သည်။

စာမျက်နှာ ၁၂ သို့



*သို့သော်သူရို့လည်ဖြစ်ခကတ်တေယွန်းရားကသေနတ်ပေါင်းစုံကိုင်ဆောင်ထားပြီးကေအာဏာပါဝါပဟိရေသူရို့တိကတခုလက်နက်လည်းကိုင်ဆောင်မထားရေ၊အာဏာပါဝါလည်းမပဟိရေပြည်သူတိကို . . . . . (စာ ၁၂)*




*သမ္မတကြီးလိန်ကိန်း၏မဆိုင်းမတွပြန်ကြားချက်မှာ **"ယင်းနွားမနစ်ကောင်ကိုမင်းနို့ညှစ်လိုက်ပါ ဂျော့ချ်"**ဟူ၏ . . (စာ ၁၅)*



*သို့ဖြင့်အမေရိကန်၏အသက်အငယ်ဆုံးသောသမ္မတကြီးဂျွင်အက်ဖ်ခယ်နေဒီ၏အခန်းကဏ္ဍသည်လည်းကောင်း၊သူ့အားလုပ်ကြံသည့်လုပ်ကြံမှုကြီးသည်လည်းကောင်း (စာ ၁၆)*




*တောင်တန်းကြီးများ၊မြစ်၊ချောင်းများပေါများလွန်းသောကြောင့်စစ်ကြောင်းချီရာတွင်အခက်အခဲဟိပုံများကိုလည်းမြီပုံများနှင့်တကွဖေါ်ပြရှီးသားထားသည် . . (စာ ၁၃)*

**ကျွန်းတွင်ဇမ္ဗူ**

**လူတွင်ရခိုင်**

**ကြိုင်ဘိသတင်း**

**ကင်းဘိအပြစ်**

**ချစ်သည့်အမျိုး**

**ကြိုးသည့်လုံ့လ**

**မြတ်စာဂ နှင့်**

**နှစ်ဝနတ်လူ**

**ချစ်ကြည်ဖြူသည်**

**နိဗ္ဗူဆုတောင်းပြည့်အံ့တည်း။**

***(ဿျင်မဟာသီလဝံသ)***

"ပြောင်းလဲခြင်း ရေ
ဘဝ၏နိယာမတရပ်ဖြစ်ပါရေ။
အတိတ်တခုတည်းမှာနစ်မြုပ်
နိန်ရေလူတိ (သို့မဟုတ်)
လောလောဆယ်
ဖြစ်ပျက်နိန်စွာ(ပစ္စုပ္ပါန်)
တခုတည်းထဲမှာနစ်မွမ်း
နိန်ရေလူတိရေအနာဂါတ်
ပျောက်တေကိန်းနန့်
ကြုံကတ်ရဖို့ဟိပါရေ"

"လူတယောက်သီဆုံးကောင်း
သီဆုံးလားပါလိမ့်မေ၊

တိုင်း၊နိုင်ငံတိ၏အတက်၊
အကျတိ ဟိကောင်း
ဟိကတ်ပါလိမ့်မေ၊
အတွေးအခေါ်ကတော့ကေအ
မြဲတမ်းရှင်သန်ကျန်နိန်ပါရေ"

ဂျွင်အက်ဖ်ခယ်နေဒီ

# အယ်ဒီတာ့စကား

၂၀၁၁ခုနှစ်မေလကတော့ကေစကေချေလောက်ပုံမှန်မဟုတ်တေလဖြစ်ဖို့ထင်ပါရေ။အထူးသဖြင့်ကမ္ဘာတဝှမ်းကရာဇဝတ်ကောင်တိ၊ကိုယ်ကျင့်တရားညှိုဖျင်းရေလူတိအတွက်ပြသဒါးကျရေလဖြစ်လီဖို့ထင်ပါယင့်။

လဆန်းရက်ပိုင်းချေထဲမှာနယူးယော့ကကမ္ဘာ့ကုန်သွယ်ရေးအဆောက်အဦးကိုလီယဉ်ပျံစာကျွေးပနာလူပေါင်း၃၀၀၀ကျော်ကိုသတ်ဖြတ်ပစ်ခရေအိုဆာမာဘိန်လေဒိန်ကိုအမေရီကန်မရိန်းတပ်ဖွဲ့ကပါကိစ္စတန်နိုင်ငံထဲမှာအသီဖမ်းမိပါရေ။ရဝမ်ဒါနိုင်ငံမှာမျိုးတုန်းသတ်ဖြတ်မှုတိကိုကျူးလွန်ခရေစစ်ရာဇဝတ်ကောင်ထိပ်သီးပိုင်းတယောက်ကိုဖမ်းမိပါရေ။ဘော့စနီးယားနိုင်ငံမှာလူတိကိုအစုလိုက်အပြုံလိုက်သတ်ဖြတ်၊မြုပ်နှံပစ်ခရေစစ်ဦးစီးချုပ်ဟောင်းကိုသက်ဆိုင်ရာအာဏာပိုင်တိကဖမ်းပနာနယ်သာလန်နိုင်ငံဟိဂ်မှာဟိရေအပြည်ပြည်ဆိုင်ရာစစ်ခုံရုံးသို့ပို့လိုက်ပြီးပါဗျာယ်။ကမ္ဘောဒီးယားမှာသန်းနန့်ချီရေလူတိကိုသတ်ပစ်စွာမှာဦးဆောင်ဦးရွက်ပြုခဖူးရေခမာနီထိပ်တန်းဂေါင်းဆောင်တချို့ကိုလည်းရုံးတင်စစ်ဆေးမှုတိလုပ်ဖို့ပျင်ဆင်ထားပါယာ။၂၀၀၈ခုနှစ်၊အမေရီကန်သမ္မတလောင်းအရွီးခံတိထဲကထိပ်ဆုံးကပြီးနိန်သူများထဲမှာတယောက်အပါအဝင်ဖြစ်ခရေအထက်လွှတ်တော်အမတ်ဟောင်းဂျွင်အက်ဒွက်တယောက်ဗီဒီယိုရိုက်သမနန့်လိင်ဖေါက်ပြန်၊အချေမွီးရေအတွက်ဖယ်ဒရယ်တရားရုံးတော်မှာအစစ်ခံရပါရေ။ကမ္ဘာကျော်ရုပ်ရှင်မင်းသား၊မောင်စကြာဝဋ္ဋာနန့်ခယ်လီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူးအာနိုးတယောက်အိမ်ဖေါ်မနန့်တတိန်းချေဆက်ဆံပနာအချေတယောက်ကိုခိုးကြောင်ခိုးဝှက်မွီးထားကြောင်းဝန်ခံလိုက်ပါရေ။အိုင်အမ်အက်ဖ်အကြီးအကဲနယူးယော့ကဟိုတယ်မှာမဒိန်းမှုဖြစ်ဗျာယ်အဖမ်းခံရပါရေ။

ယင်းအဖြစ်အပျက်တိကိုကြည့်ပြီးကေမြတ်စွာဖုရားသျှင်ဟောကြားတော်မူရေ **"အဂတိတရားလေးပါး"**နန့်မှီးငြမ်းပနာမျက်နှာဖုံးဆောင်းပါးအဖြစ်တင်ရွီးလိုက်ပါယင့်။အကျွန်ရို့တယောက်ချင်းစီ၏ဘဝတာတိမှာသော်လည်းကောင်း၊ကမ္ဘာ့အဖြစ်အပျက်များစွာထဲမှာသော်လည်းကောင်းမဖြစ်သင့်၊မလုပ်သင့်လို့သိနိန်ယင့်သားနန့်၊အမှား–အမှန်၊အကောင်း–အဆိုး၊အကျိုး–အကြောင်းတိကိုဆန်းစစ်ဝေခွဲဖို့မစွမ်းသာလို့*(မောဟာဂတိ)*လိုချင်ရမ္မက်ကြီးစွာနန့်လောဖတက်လို့၊ချစ်လို့၊မုန်းလို့၊မနာလိုလို့၊အမြင်ကတ်လို့၊သဖေါ်ကျလို့၊သဖေါ်မကျလို့*(ဆန္ဒာဂတိ)*ကိုယ်ဒုက္ခရောက်ဖို့စွာကိုကြောက်လို့*(ဘယာဂတိ)*ဒေါသမာန်ဆိုးဝင်ပူးလို့*(ဒေါသဂတိ)*ဆိုရေအကြောင်းရပ်တိကြောင့်**ဓမ္မတရားတိနိန်ရာမှာအဓမ္မတရားတိ**အစားထိုးဝင်ရောက်လာပါရေ။**အကျိုးနိန်ရာမှာအပြစ်တိ**နိန်ရာယူလာပါရေ။**အမှန်တရားတိမှေးမှိန်ဗျာယ်အမှားတရားတိပိုမိုကြီးစိုး**လာပါရေ။ယေဇ္ဇူးနန့်မရှိုးပဲမနိန်နိုင်လို့တကြောင်း၊တိုက်တိုက်ဆိုင်ဆိုင်တလတည်းအတွင်းမှာအားလုံးဖြစ်ပျက်နိန်လို့တကြောင်း၊ရှိုးဖို့ကောင်းရေအကြောင်းအရာဖြစ်နိန်လို့တကြောင်းရို့ကြောင့်ရှိုးဖြစ်လားစွာပါ။

မေလဖွဲ့အတွက်မေလဖွါးတိထဲကအမေရီကန်သမ္မတထရူးမန်းအကြောင်း၊ရုပ်ဝါဒကိုကမ္ဘာသို့တင်ပြခရေခါးလ်မာ့ခ်စ်အကြောင်း၊သူနာပြုဆရာမဖလောရင့်စ်နိုက်တိန်ဂေးလ်အကြောင်း၊တီးတိုးအကြောင်းတိထဲကတခုခုကိုရှိုးချင်နိန်ခပါရေ။ယေကေလည်းအမေရီကန်သမိုင်းထဲမှာလွှမ်းဋ္ဌိလွှမ်းသောအလွှမ်းဇတ်ပိုင်သျှင်လည်းဖြစ်၊အသက်အငယ်ဆုံးအမေရီကန်သမ္မတလည်းဖြစ်ခရေဂျွင်အက်ဖ်ခယ်နေဒီအကြောင်းကိုရာရှိုးဖြစ်လိုက်ပါယင့်။

ရယ်စရာချေတိကိုရှိုးစွာမှာလည်းဒေလထဲမှာဖတ်ဖြစ်တေသမ္မတလိန်ကိန်း၏ဟာသများစာအုပ်တိထဲကအတွက်ပေါ်သလောက်ပြန်ရှိုးလိုက်ပါယင့်။အကောင်းဆုံးတိတော့ကေမဟုတ်ပါ။အေဂုရှိုးဖြစ်လိုက်စွာတိကရယ်ဖို့ထက်တွေးဖို့ပိုကောင်းလီဖို့ထင်ပါရေ။

ဖတ်ရှုအားပီးကတ်တေလူတိ၊စာမူပို့ပီးရေလူတိ၊အကြံတခွန်း၊ဉာဏ်တခွန်းပီးရေလူတိ၊ရက္ခိုင်သူ၊ရက္ခိုင်သားတိအားလုံးကိုအထူးကျေးဇူးတင်ဟိပါရေ။

ခင်မင်မှုဖြင့်

ဦးသိန်းမောင်



**ရက္ခိုင်ပြည်၏ အနာဂါတ်သည် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးရို့၏ လက်ထဲတွင်ဟိသည်။**

# မေလ (May)

မေလသည်ရိုးမန်နီဦးပေါက်နတ်ဖုရားမနာမည်ဖြစ်သည့်မိုင်ယာမေဂျက်စတာ(Maia Majesta)မှဆင်းသက်လာဟန်တူကြောင်းအချို့ကယူဆကတ်ပါသည်။မေလသည်ကမ္ဘာ့တောင်ဖက်ခြမ်းတွင်အင်တန်ချေချမ်းအီးသောလဖြစ်ပြီးကမ္ဘာ့မြောက်ဖက်ခြမ်းတွင်မူနီဦးပေါက်၍နီးထွီးနှစ်လိုဖွယ်လဖြစ်ပါသည်။ မေလသည်နှစ်တနှစ်၏ငါးခုမြောက်လဖြစ်ပြီးရက်ပေါင်း၃၁ရက်ဟိသည်။

ကမ္ဘာ့သမိုင်း၌သမိုင်းဝင်၊စာတင်ခြင်းခံရသောလူသားများအနက်အောက်ဖေါ်ပြပါပုဂ္ဂိုလ်များကိုမေလထဲတွင်ဖွါးမြင်ခကတ်ပါသည်–




မေ ၄၊ ၁၇၉၆ – ဟောရေးစ်မန်း (Horace Mann)အမေရိကန်ပညာရေးပြုပြင်ပြောင်းလဲသူ၊နိုင်ငံရေးသမား။

မေ ၄၊ ၁၈၂၅ – ထောမာ့စ်ဟိန်နရီဟာ့ခ်စ်လေ (Thomas Henry Huxley)အင်္ဂလိပ်သတ္တဗေဒပညာသျှင်။

မေ ၅၊ ၁၈၁၈ – ခါးလ်မာ့ခ်စ် (Karl Marx)ဂျာမန်လူမှုတွေးခေါ်ပညာသျှင်။

မေ ၆၊ ၁၈၅၆ – ဆေ့ဂ်မင်န်ဖရော့ဒ် (Sigmund Freud)သြစတြီးယန်းဆီးသိပ္ပံပညာသျှင်။

မေ ၇၊ ၁၈၁၂ – ရော်ဘာ့ဘရောင်းနိန်း (Robert Browning)အင်္ဂလိပ်ကဗျာနှင့်ပြဇာတ်ရှီးဆရာ။




မေ ၈၊ ၁၈၈၄ – ဟယ်ရီအက်စ်ထရူးမန်း (Harry S Truman) ၃၃ယောက်မြောက်အမေရိကန်သမ္မတ။

မေ ၉၊ ၁၈၀၀ – ဂျွှင်ဘရောင်း (John Brown)အမေရိကန်(ကျွန်စံနစ်)တော်လှန်ရေးသမား။

မေ ၉၊ ၁၈၆၀ – ဆာဂျိမ်းမက်သယူးဘာရီ (Sir James Matthew Barrie)စကော့ထိချ်စာရှီးဆရာ။

မေ ၁၁၊ ၁၉၀၄ – ဆာလ်ဗေဒေါ်ဒါလီ (Salvador Dali)စပိန်ပန်းချီဆရာ။



မေ ၁၂၊ ၁၈၂၀ – ဖလောရန့်စ်နိုက်ထိန်ဂေးလ် (Florence Nightingale)အင်္ဂလိပ်သူနာပြုဆရာမ။

မေ ၁၇၊ ၁၇၄၉ – အက်ဒွါဂျန်နာ (Edward Jenner)အင်္ဂလိပ်ဆီးသိပ္ပံပညာသျှင်။

မေ ၁၈၊ ၁၈၇၂ – ဘာထရန်ရာ့ဆဲလ် (Bertrand Russell)ဗြိတိသျှသမိုင်း၊သချ်ာနှင့်တွေးခေါ်ပညာသျှင်။

မေ ၁၈၊ ၁၉၂၀ – ပုပ်ရဟန်းမင်းကြီးဂျွှင်ပေါလ် (၂) (Pope John Paul II)

မေ ၂၁၊ ၁၆၈၈ – အလက်ဇန်းဒါးပုပ် (Alexander Pope)အင်္ဂလိပ်ကဗျာဆရာ။

မေ ၂၂၊ ၁၈၅၉ – ဆာအာသာကိုနန်ဒွိုင်လ် (Sir Arthur Conan Dole)သျှားလော့ဟုမ်းစုံထောက်ဝတ္ထုများကိုရှီးသားခသည့်စကော့ထိချ်စာရှီးဆရာ။



မေ ၂၄၊ ၁၈၁၉ – ဗိထိုရိယဘုရင်မ (Queen Victoria)ဗြိတိသျှဘုရင်မကြီး။

မေ ၂၅၊ ၁၈၀၃ – ရာ့လ်ဖ်ဝါဒိုအီမာဆိန် (Ralph Waldo Emerson)အမေရိကန်စာရှီးဆရာ။

မေ ၂၅၊ ၁၈၉၂ – တီးတိုး (Tito)ဆိုဗီယက်ခေတ်ယူဂိုဆလားဗီးယားဂေါင်းဆောင်။

မေ ၂၈၊ ၁၈၈၈ – ဂျိမ်းဖရန်ဆေ့စ်သော်ရ်ပ် (James Francis Thorpe)အမေရိကန်အိုလံပစ်အားကစားသမား။

မေ၂၉၊ ၁၉၁၇ – ဂျွှင်အက်ဖက်ခယ်နေဒီ (John F. Kennedy) ၃၅ယောက်မြောက်အမေရိကန်သမ္မတ။

မေ ၃၀၊ ၁၆၇၂ – မဟာပီတာဘုရင်ကြီး (Peter the Great)ရာသျှားဘုရင်။

**မေလအတွင်းအပြည်ပြည်ဆိုင်ရာအထိမ်းအမှတ်နိမ်များ**




မေ၁၊ မေဒေးနိ



မေ၃၊ အခြီခံဥပဒေနိ (ဂျပန်နှင့်ပိုလန်)



မေ ၁၄၊ အိဇရေးလ်နိုင်ငံ ထူထောင်သည့်နိ



မေ ၁၇၊ အခြီခံဥပဒေနိ (နော်ဝေ၊ နော်ရူး)



မေ ၂၀၊ကိန်မရွန်းနိုင်ငံ အမျိုးသားနိ




မေ ၃၁၊ တောင်အာဖရိက သမ္မတနိုင်ငံနိ



## ဓညဝတီ(ပထမ)ခေတ် ရခိုင်မင်းမြတ်များ

(ဘီစီ၁၈၅၈၈ မှ ၁၅၀၈ ထိ)

၄၂။ မင်းသိဒ္ဓတ်

၄၃။ မင်းလှကြီး

၄၄။ ထွေးလုပ်ကြီး

၄၅။ စောရဇ်

၄၆။ ချက်နှာဝန်း

၄၇။ လက်ရုံးကြီး

၄၈။ သီရိကမ္မသုန္ဒရ

၄၉။ နန္ဒကောဘယ

၅၀။ မင်းနံဖြူ

၅၁။ မင်းနံလှ

၅၂။ မင်းခေါင်ငယ်

၅၃။ လောက်ခေါင်ရာဇာ

၅၄။ မင်းသီဟ

၅၅။ မင်းငယ်ပျောက်လှစည်သူ

## ဓညဝတီ(ဒုတိယ)ခေတ် ရခိုင်မင်းမြတ်များ

(ဘီစီ၁၅၀၇ မှ ၁၂၇၁ ထိ)

၁။ ကမ္မရာဇာ

၂။ သီလရာဇာ

၃။ ဝါသုရ

၄။ နန္ဒသူရိယ

၅။ သူရိယနန္ဒ

၆။ သူရနန္ဒ

၇။ စန္ဒမာရု

## မေလ ရက်စဉ်ကမ္ဘာ့သတင်းများ

၁– ကမ္ဘာ့အလုပ်သမားနိမေဒေးအားကမ္ဘာ့နိုင်ငံအနှံ့တွင်ကျင်းပလားကတ်သည်။

၁– ဆီးလိပ်သောက်သုံးသူပေါင်းသန်း၃၀၀ကျော်ဟိသည့်တရုတ်ပြည်တွင်လူစည်ကားရာနေရာများ၌ဆီးလိပ်မသောက်ရဥပဒေကိုစတင်ပြဌါန်းသည်။

၂– အယ်လ်ခိုင်ဒါဂေါင်းဆောင်အိုဆာမာဘိန်လေဒိန်အားဟယ်လီကော်ပတာဖြင့်ပစ်ခတ်သတ်ဖြတ်နိူင်လိုက်ဗျာယ်ဖြစ်ကြောင်းဖြင့်အမေရီကန်စစ်ဖက်မှထုတ်ဖေါ်ပြောဆိုသည်။

၃– ခယ်နေဒါနိုင်ငံရွီးကောက်ပွဲတွင်လက်ဟိဝန်ကြီးချုပ်စတီဖိန်ဟာပါမှပြန်လည်ရွီးကောက်ခံအနိုင်ရဟိသည်။

၄– မြောက်ကိုရီးယားနိုင်ငံသည်ပြီးခသည့်ဆယ်စုနှစ်အတွင်းတွင်နိုင်ငံရေးသမားများဆိုင်ရာအကျဉ်းထောင်များစွာကိုတိုးမြှင့်ဆောက်လုပ်ကြောင်းနှင့်အေဂုအခါနိုင်ငံရေးလွတ်လပ်ခွင့်တောင်းဆိုလှူပ်သျှားသူပေါင်းနှစ်သိန်းကျော်သည်လွှန်စွာဆိုးရွားသောအခြေအနေတရပ်ထဲတွင်အကျဉ်းကျခံနိန်ကတ်ရကြောင်းဖြင့်အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးအဖွဲ့မှသတင်းထုတ်ပြန်ပြောဆိုသည်။

၅– ဩစတြေးလျား၏နောက်ဆုံးအသက်ရှင်ကျန်လိုက်သည့်ပထမကမ္ဘာစစ်ပြန်ကြီးဖြစ်သူဗြီတွင်ချိုးလ်သည်အသက်၁၁၀ပြည့်တွင်သီဆုံးလားသည်။

၅– ဗြိတိန်အိမ်ရှိမင်းသားချားလ်စ်သည်အမေရီကန်သမ္မတအိုဘားမားနှင့်အိမ်ဖြူတော်တွင်တွိဆုံစကားပြောသည်။

၆– ဂျာမဏီ၏အကြီးဆုံးသံမဏိကုမ္ပဏီကြီးဖြစ်သည့်ထိုင်ဆန်ကရာ့ပ်သည်အမေရီကန်နှင့်ဘရာဇီးနိုင်ငံများတွင်ယူရိုင်ွ၁၀ဘီလီယံ(အမေရီကန်ဒေါ်လာ၁၄ဘီလီယံ)ကိုရင်းနှီးမြှပ်နှံလားမည်ဟုသတင်းထုတ်ပြန်ပြောဆိုသည်။

၇– ကုမ္ပဏီ၏အဝယ်သမားပရိတ်သတ်၂၅၀၀ကျော်၏ကိုယ်ရေးသတင်းအချက်အလက်များကွန်ပျူတာဟက္ကာသမားများမှအခိုးခံရကြောင်းဖြင့်ဆိုနီကုမ္ပဏီမှကျေငြာလိုက်ရာ၄င်းသည်အိန်တာနက်ဟက္ကာဖြင့်တရားဝင်သတင်းအချက်အလက်များခိုးယူမှုတွင်အများဆုံးဖြစ်သည်ဟုဆိုသည်။

# မိုဘိုင်းဖုန်းသုံးသူများသတိထားဖွယ်



ဆဲလ်ဖုန်း(မိုဘိုင်းဖုန်း)များသုံးစွဲမှုသည်ကိန်ဆာ(ကင်ဆာ)ရောဂါဖြစ်နိူင်ဖွယ်အလားအလာများစွာဟိကြောင်းဆီးသိပ္ပံပညာသျှင်များ၊သုတေသီများ၏လေ့လာဆန်းစစ်မှုတခုကဆိုပါသည်။အေဂုပြုလုပ်လိုက်သောလေ့လာတွိဟိချက်နှင့်သတင်းထုတ်ပြန်ချက်သည်အမေရီကန်ပြည်ထောင်စုအပါအဝင်နိုင်ငံပေါင်း၁၄နိုင်ငံမှဆီးသိပ္ပံပညာသျှင်ပေါင်း၃၁ဦးရို့၏စံနစ်တကျနှင့်နှစ်ရှည်လများ လေ့လာဆန်းစစ်ချက်မှထွက်ပေါ်လာသောရလဒ်ဖြစ်ပြီးအဆိုပါသတင်းထုတ်ပြန်ချက်ကိုကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်(World Health Organization)မှထုတ်ပြန်လိုက်ခြင်းဖြစ်သည်။လက်ကိုင်ဖုန်းနှင့်စကားပြောကတ်ရာတွင်အသံနှင့်အပူဋ္ဌလှိုင်းများထုတ်လွှင့်ရာယင်းလှိုင်းများသည်နားစည်အမှေးပါးမှတဆင့်ဦးနှောက်ထဲသို့ရောက်လားခြင်းဖြစ်နိူင်ကြောင်းနှင့်မိုဘိုင်းဖုန်းအပြောများသူများသည်ဦးနှောက်ကိန်ဆာဖြစ်ရန်အလားအလာပိုမိုများပြားကြောင်းဖြင့်လေ့လာသူပညာသျှင်များကထောက်ပြပြောဆိုကတ်ပါသည်။အထူးသဖြင့်ဦးနှောက်အမှေးပါးနုနယ်ပြီးရေဒီယိုလှိုင်းများဝင်ရောက်ရန်လွယ်ကူသည့်အချေ၊အငယ်များအားလက်ကိုင်ဖုန်းအကြာကြီးမပြောစီရန်ကြီးကြပ်သင့်ကြောင်းပညာသျှင်များမှအကြံပြုပြောဆိုထားပါသည်။မလိုလားအပ်သောကျန်းမာရေးဆိုင်ရာအကျိုး၊အပြစ်သက်ရောက်မှုများမဟိစီရန်အိုင်ဖုန်း(iPhone)များနှင့်စကားပြောဆိုရာတွင်တယ်လီဖုန်းအသုံးပြုသူသည်ဖုန်းအားမိမိခန္ဓာကိုယ်မှ ၁၅မီလီမီတာ(၅/၈လက်မ)ခန့်အကွာမှလည်းကောင်း၊ဘလက်ခ်ဘယ်ရီ(BlackBerry)ဖုန်းများနှင့်စကားပြောဆိုရာတွင်၂၅မီလီမီတာ(၁လက်မနီးပါး)ခန့်အကွာမှလည်းကောင်းပြောဆိုကတ်ရန်ဖယ်ဒရယ်ဆက်သွယ်ရေးကော်မသျှန်–အက်ဖ်စီစီ(Federal Communication Commision)မှအကြံပြုထားပါသည်။ (စီအန်အန်၊ ဘီဘီစီ မေ၃၁)

## မေလ ရက်စဉ်ကမ္ဘာ့သတင်းများ

၈– အေစီမီလန်အသင်းသည်ရိုးမားအသင်းနှင့်ဝ–ဝဒရှင်ကျလားအပြီးတွင်အီတာလျံစီးရီးအေဖလားကို၁၈ကြိမ်မြောက်အဖြစ်ဆွတ်ခူးရယူလိုက်သည်။

၈– ဖိလစ်ပိန်းမှမန်နီပက်ကွီးယောက်ယိုသည်အမေရိကန်မှသျှိန်းမော်စလေကို၁၄ချီထိုးသတ်အနိုင်ယူပြီးနောက်ကမ္ဘာ့ဝဲလ်တာဝိတ်လက်ဝှေ့ချန်ပီယံခါးပတ်ကိုဆက်လက်ထိမ်းသိမ်းထားလိုက်သည်။

၉– အမေရိကန်နှင့်တရုတ်နိုင်ငံများကြားတွင်နိုင်ငံရေး၊စီးပွါးရေး၊လူ့အခွင့်အရေးအစရှိသည့်ကိစ္စရပ်များကိုအဆင့်မြင့်အရာရှိကြီးများအဆင့်အနိမ့်ဖြင့်ဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်းထုတ်ပြန်ကြေငြာသည်။

၉–မစ္စပီမြစ်ရေမြင့်တက်လာမှုကြောင့်အမေရိကန်ပြည်ထောင်စု၏ပြည်နယ်၈ပြည်နယ်ခန့်တွင်ရေကြီးလျှက်ရှိသည်။

၉– ထိုင်းနိုင်ငံ၏အထွေထွေရွေးကောက်ပွဲများကိုလာမည့်ဇူလိုင်လ၃ရက်နေ့တွင်ကျင်းပသွားမည်ဖြစ်ကြောင်းသတင်းထုတ်ပြန်သည်။

၁၀– အငြင်းပွါးဖွယ်ရာဖြစ်နိုင်သည့်မဲခေါင်မြစ်ပေါ်တွင်ရေကာတာတည်ဆောက်ရေးစီမံချက်အားရွှေ့ဆိုင်းလိုက်ကြောင်းလာအိုနိုင်ငံအာဏာပိုင်များမှထုတ်ပြန်ကြေငြာသည်။

၁၀– ဆူနာမီနှင့်ငလျှင်ကြောင့်ဖြစ်ပွါးလာသည့်နျူကလီးယားဓါတ်ပေါင်းဖိုကိစ္စမပြီးပြတ်မချင်းသူ၏လစာကိုလက်ခံလိမ့်မည်မဟုတ်ကြောင်းဂျပန်ဝန်ကြီးချုပ်မှထုတ်ဖော်ပြောဆိုသည်။

၁၁– မိုက်ကရိုဆော့ဖ်ကုမ္ပဏီသည်အင်တာနက်ဖုန်းကုမ္ပဏီတခုဖြစ်သည့်စကိုင်းပ် (Skype) ကိုအမေရိကန်ဒေါ်လာ၈.၅ဘီလီယံပေး၍ဝယ်ယူလိုက်သည်။

၁၁– ဆီးရီးယားနိုင်ငံတွင်ဆန္ဒပြပြည်သူများအားအစိုးရတပ်ဖွဲ့များအပါအဝင်အမည်မသိသေနတ်သမားများမှပစ်ခတ်ရာအနည်းဆုံးလူ၁၉ဦးခန့်သေဆုံးသွားသည်။



### ကမ္ဘာ့ အမြင့်ဆုံးအဆောက်အဦး(၁၀)ခု

(Source: www.infoplease.com)

| စဉ် | အဆောက်အဦးအမည်<br>မြို့တော် / နိုင်ငံ | ပြီးစီး<br>ခုနှစ် | အထပ်<br>ပေါင်း | အမြင့်<br>ပေ | အမြင့်<br>မီတာ |
|---|---|---|---|---|---|
| ၁ | ဘာဂျီခါလီဖါ (Burj Khafila)၊ ဒူဘိုင်၊ အာရပ်စော်ဘွားများပြည်ထောင်စု | ၂၀၁၀ | ၁၆၀ | ၂၇၁၆ | ၈၂၈ |
| ၂ | ထိုင်ပေ ၁၀၁ (Taipei 101)၊ ထိုင်ပေ၊ ထိုင်ဝမ် | ၂၀၀၄ | ၁၀၁ | ၁၆၆၇ | ၅၀၈ |
| ၃ | ကမ္ဘာ့ငွေကြေးဗဟိုအဆောက်အဦ (World Financial Center)၊ သျှန်ဟိုင်း၊တရုတ် | ၂၀၀၈ | ၁၀၁ | ၁၆၁၄ | ၄၉၂ |
| ၄ | ပီထရိုးနိစ်မျှော်စင်(၁)နှင့်(၂) (Petronas Towers)၊ ကွာလာလမ်ပူ၊ မလေးသျှား | ၁၉၉၈ | ၈၈ | ၁၄၈၃ | ၄၅၂ |
| ၅ | ဂရိန်းလန်းငွေကြေးဗဟိုအဆောက်အဦ (Greenland Financial Center)၊ နန်ကျင်း၊တရုတ် | ၂၀၀၉ | ၆၆ | ၁၄၇၆ | ၄၅၀ |
| ၆ | ဆီးယားမျှော်စင် (Sears Tower)၊ချီကာဂို၊ အမေရိကန်ပြည်ထောင်စု | ၁၉၇၄ | ၁၁၀ | ၁၄၅၁ | ၄၄၂ |
| ၇ | အနောက်ဂွမ်ဇူးမျှော်စင် (Guangzhou West Tower)၊ ဂွမ်ဇူး၊ တရုတ် | ၂၀၀၉ | ၁၀၃ | ၁၄၃၅ | ၄၃၈ |
| ၈ | ဂျင်းမော်အဆောက်အဦ (Jin Mao Building)၊ သျှန်ဟိုင်း၊တရုတ် | ၁၉၉၉ | ၈၈ | ၁၃၈၁ | ၄၂၀ |
| ၉ | အပြည်ပြည်ဆိုင်ရာငွေကြေးဗဟိုအဆောက်အဦ (International Finance Center)၊ ဟောင်ကောင် | ၂၀၀၃ | ၈၈ | ၁၃၆၂ | ၄၁၅ |
| ၁၀ | အပြည်ပြည်ဆိုင်ရာထရမ့်ပ်ဟိုတယ် (Trump International Hotel)၊ ချီကာဂို၊ အမေရိကန်ပြည်ထောင်စု | ၂၀၀၉ | ၉၆ | ၁၃၆၂ | ၄၁၅ |



### ကွန်ပျူတာဆိုင်ရာ

### အတိုကောက်ဝေါဟာရများ

0NF-zero normal form

1NF-first normal form

2NF-second normal form

3GL-third-generation language

4GL-fourth-generation language

AA-Audible Audio

AAC-Advance Audio Coding

AC-alternating current

ACE-Adobe Certified Expert

ACM-Association for Computing Machinery

ADA-Americans with Disabilities Act

ADC-analog-to-digital converter

ADSL-asymmetric digital subscriber line

AES-Advanced encryption standard

AGP-Accelerated Graphics Port

AI-artificial intelligence

AIFF-Audio Interchange File Format

AIS-Association for Information Systems

AITP-Association of Information Technology Professionals

Ajax-Asynchronous JavaScript and XML

ALGOL-ALGOrithmic Language

ALU-arithmetic logic unit

AMD-Advanced Micro Devices

ANN-artificial neural network

***(Source:Discovering Computers 2008)***

## မေလ ရက်စဉ်ကမ္ဘာ့သတင်းများ

၁၂– အမေရိကန်ပြည်ထောင်စုတွင်အလုပ်မဟိသူဦးရေသည်တဆတ်ဆတ်ကျဆင်းလာနိန်ကြောင်းဖြင့်သတင်းများတွင်ဖေါ်ပြသည်။

၁၂– ဘာစေလိုးနားသည်စပိန်လာလီဂါဘောလုံးဖလား၏အေနှစ်အတွက်ချန်ပီယံဆုကိုရဟိလားသည်။

၁၃– အပြည်ပြည်ဆိုင်ရာတရားရုံးချုပ်သည်လိဗျားတွင်လူသားမဆန်သည့်ကျူးလွန်မှုများအတွက်တရားခံများကိုမကြာခင်သတင်းထုတ်ပြန်ဖမ်းဝရမ်းထုတ်လားမည်ဟုဆိုသည်။

၁၄– ဝိန်နေရှိနယ်ကျောက်သွင်းလိုက်သည့်ဂိုးဖြင့်ဘလက်ဘင်းရှိဘာနှင့်ပွဲတွင်၁ဂိုး–၁ဂိုးဖြင့်ဒရှင်ကျပနာမန်ချက်စတာယူနိုက်တက်အသင်းသည်အင်္ဂလန်ဖရီးမီးယားလိဂ်ဖလားအား၁၉ကြိမ်မြောက်အဖြစ်ရဟိလားသည်။

၁၄– ပြီးခသည့်လကသူထုတ်ဝီခသည့်စီးရီးတွင်သူ့သီခြင်းများအားတရုတ်အာဏာပိုင်များသည်ဆိန်ဆာဖြတ်တောက်မှုများပြုလုပ်ခကတ်ကြောင်းဖြင့်ဘော့ဘ်ဒိုင်လန် (Bob Dylan) မှသျှားသျှားပါးပါးထုတ်ဖေါ်ပြောဆိုလိုက်သည်။

၁၅– ဂျာမန်အစိုးရသည်လာမည့်နှစ်များအတွင်းလျှပ်စစ်ကားများထုတ်လုပ်မှုလုပ်ငန်းများသို့ယူရိုငွေ၁ဘီလီယံ(အမေရိကန်ဒေါ်လာ၁.၄ဘီလီယံ)ကူညီလားမည်ဖြစ်ကြောင်းဖြင့်ဆိုသည်။

၁၆– ပြီးခသည့်မတ်လကုန်စာရင်းဇယားများအရတရုတ်နိုင်ငံတွင်အိန်တာနက်သုံးစွဲသူအရေအတွက်သည်၄၇၇သန်းဟိလာဗျာယ်ဖြစ်ကြောင်းနှင့်ယင်းသည်ဦးရေအများဆုံးအိန်တာနက်စျီးကွက်ပင်ဖြစ်ကြောင်းဖြင့်သတင်းများကဆိုသည်။

၁၆– ၁၉၇၀ခုနှစ်များအတွင်းကျူးလွန်ခသည့်လူသန်းပေါင်းများစွာသတ်ဖြတ်မှုကြီးတွင်ပါဝင်မှုဖြင့်ခမာနီဂေါင်းဆောင်ဟောင်း၄ဦးအားဂျုန်လ၂၇ရက်နိတွင်တရားရုံးတင်စစ်ဆေးလားရန်ရက်ချိန်းသတ်မှတ်လိုက်ကြောင်းဖြင့်ကမ္ဘာ့ကုလသမဂ္ဂနောက်ခံပြုထားသည့်ကမ္ဘောဒီးယားနိုင်ငံစစ်တရားခုံရုံးမှသတင်းထုတ်ပြန်သည်။

၁၆– အာဂျိန်ထီးနားဘောလုံးအကျော်အမော်ဟောင်းမာရာဒိုနာသည်အာရပ်စော်ဘွားများပြည်ထောင်စု ကလပ်ဖြစ်သည့်အယ်လ်ဝါဆယ်(Al Wasl)၏မန်နေဂျာအဖြစ်တာဝန်ထမ်းဆောင်ရန်သဖေါတူလိုက်သည်ဟုဆိုသည်။

၁၇– ပါကိစ္စတန်ဝန်ကြီးချုပ်ယူဆော့ရာဇာဂီလာနီသည်တရုတ်နိုင်ငံသို့အလည်အပတ်ခရီးစတင်သည်။

## ကမ္ဘာ့မုတ်ဆိတ်နှင့်နခမ်းမွှီးချန်ပီယံပြိုင်ပွဲတွင်ဂျာမဏီမှဝိုင်ဇာဗိုလ်စွဲ




နော်ဝေနိုင်ငံထရုန်းနိုင်မ်(Trondheim)မြို့တွင်ကမ္ဘာ့မုတ်ဆိတ်နှင့်နခမ်းမွှီးချန်ပီယံပြိုင်ပွဲကိုမေလ၁၅ရက်နိကကျင်းပရာအဆိုပါပြိုင်ပွဲသို့ကမ္ဘာတဝှမ်းမှမုတ်ဆိတ်နှင့်နခမ်းမွှီးအရှည်အလှထားဟိသူပေါင်း၁၆၀ကျော်ဝင်ရောက်ယှဉ်ပြိုင်ကတ်လားသည်။ယင်းပြိုင်ပွဲ၌ဂျာမဏီမှအသက်၄၇နှစ်ဟိဗျာယ်ဖြစ်သည့်မုတ်ဆိတ်အလှပိုင်သျှင်အယ်လ်မာဝိုင်ဇာ(Elmar Weisser)မှပထမဆုကိုဆွတ်ခူးရဟိလားသည်။ ပထမဆုသျှင်မစ္စတာဝိုင်ဇာကသူ့မုတ်ဆိတ်သည်စတိုင်အနိန်အထားဖြင့်မထားပဲသဘာဝအတိုင်းဆွဲဆန့်ချထားလိုက်ပါကသူ့ခါးထိရောက်ကြောင်းအေအက်ဖ်ပီသတင်းဌါနနှင့်တွိဆုံရာတွင်ပြောပြလားသည်။မုတ်ဆိတ်နှင့်နခမ်းမွှီးအလှပြိုင်ပွဲကိုကမ္ဘာ့အမွှီးအမျှင်များအားကစားတရပ်အဖြစ်၁၉၉၅ခုနှစ်မှစ၍ကျင်းပလာခြင်းဖြစ်ကြောင်းပြိုင်ပွဲစီစဉ်ကြီးကြပ်သူများကဆိုသည်။ အမေရိကန်ပြည်ထောင်စုအနိန်ဖြင့်မူအဆိုပါပြိုင်ပွဲကိုအိမ်သျှင်နိုင်ငံအဖြစ်နှစ်ကြိမ်တိုင်တိုင်ကျင်းပပြီးဗျာယ်ဖြစ်သော်လည်းဆုရဟိသူအများစုမှာဥရောပတိုက်သားများသာဖြစ်နိန်ကြောင်းနှင့် ကမ္ဘာ့ဆံပင်အလှပြိုင်ပွဲများတွင်မူအမေရိကန်များကိုယှဉ်ပြိုင်နိုင်သူမဟိသိကြောင်းသိဟိရသည်။

*မေ ၁၅၊ ဘီဘီစီ*

**_သိထားသင့်သော အင်္ဂလိပ်ဘာသာအတိုကောက်များ_**

**_(အယင်လမှ အဆက်)_**

E-mail – Electronic Mail

အီးမဲလ်၊ လျှပ်စစ်(အသုံးပြုနည်းပညာ)ဖြင့်ပို့သောစာ။

F – Fahrenheit

ဖါရိန်ဟိုက် (အပူချိန်အတိုင်းအတာပြယူနိ)။

FBI – Federal Bureau of Investigation

(အမေရိကန်)ဖယ်ဒရယ်စုံစမ်းစစ်ဆေးရေးဗျူရို

Fed. – federal

ဖယ်ဒရယ်၊ဖယ်ဒရယ်နှင့်ဆိုင်သေါ။

ff. – following (pages)

အောက်ဖေါ်ပြပါ(စာမျက်နှာများ)။

FHA – Federal Housing Administration

အိုးအိမ်ဆိုင်ရာဖယ်ဒရယ်အုပ်ချုပ်ရေး(အဖွဲ့)။

Gen. – General

ဗိုလ်ချုပ်ကြီး။

GI – Government Issue

အစိုးရကိစ္စ။

GDP – Gross Domestic Product

ပြည်တွင်းထုတ်ကုန်စုစုပေါင်း(တန်ဖိုး)။

GNP – Gross National Product

အမျိုးသားထုတ်ကုန်စုစုပေါင်း(တန်ဖိုး)။

**_ဆက်လက်ဖေါ်ပြလားပါမည်။_**

## မေလ ရက်စဉ်ကမ္ဘာ့သတင်းများ

၁၇– ဥရောပသမဂ္ဂဥက္ကဋ္ဌဟာမန်ဘန်ရော့ပီကတရုတ်နိုင်ငံ၏ကမ္ဘာ့အခင်းအကျင်းတွင်သြဇာညောင်းမှုများဟိလာသကဲသို့နိုင်ငံ၏လူ့အခွင့်အရေးနှင့်အခြားသောအဆင့်အတန်းဟိသည့်တိုးတက်မှုများတပြေးညီဟိလာသင့်ကြောင်းဖြင့်ပြောဆိုလိုက်သည်။

၁၇– ၁၉၉၄ခုနှစ်အတွင်းကကျူးလွန်ခသည့်မျိုးတုန်းသတ်ဖြတ်မှုတွင်ပါဝင်ပါက်သက်မှုဖြင့်ရဝမ်ဒါစစ်ဦးစီးချုပ်ဟောင်းအော်ဂတ်စတိန်ဘိန်ဇီမင်ဂူအားရဝမ်ဒါတရားရုံးတော်မှထောင်ဒဏ်အနှစ်၃၀အပြစ်ပီးလိုက်သည်။

၁၈– အိုင်ယာလန်သို့အလည်အပတ်ရောက်ဟိနိန်သူဗြိတိသျှဘုရင်မအဲလိဇဘက်ကကျဆုံးလားသည့်အိုင်ယာလန်မျိုးချစ်များအပေါ်များစွာကိုယ်ချင်းစာနာ ထောက်ထားမိပါကြောင်းထုတ်ဖေါ်ပြောကြားလိုက်သည်။

၁၈– ၂၅နှစ်ကြာပြသလာသည့်အိုဖရာဝိန်းဖရီးပြကွက်များအားအဆုံးသတ်ရာချီကာဂိုမြို့တော်သို့အမေရိကန်နိုင်ငံတဝှမ်းမှသရုပ်ဆောင်အကျော်အမော်များများစွာလာရောက်ကတ်သည်။

၁၉– အာကာသယဉ်မှူးဖြဦးပါဝင်သည့်အမေရိကန်အာကာသလွန်းပျံယဉ်အန်ဒေးဗါး(Endeavour)သည်အပြည်ပြည်ဆိုင်ရာအာကာသစခန်းသို့အေနိတွင်ရောက်ဟိချိတ်ဆက်သည်။

၂၀– အိန္ဒိယ၏အမျိုးသမီးနိုင်ငံရေးသမားတဦးဖြစ်သည့်မာမာတာဘန်နာဂျီသည်မာ့က်စ်ဝါဒီများ၃၄နှစ်ကြာကြီးစိုးထားသည့်အနောက်ဘင်္ဂလားပြည်နယ်၏ရွီးကောက်ပွဲတွင်အနိုင်ရပြီးနောက်အေနိတွင်ကျမ်းသစ္စာကျိန်ဆိုသည်။

၂၀– ဆီရီးယားနိုင်ငံတွင်ဆန္ဒပြသမားများအားအစိုးရတပ်ဖွဲ့များမှပစ်သတ်သဖြင့်လူ၃၀ခန့်သီဆုံးလားကြောင်းသတင်းများကဆိုသည်။

၂၀– ဗြိတိသျှဘုရင်မအဲလိဇဘက်၏အိုင်ယာလန်သို့သမိုင်းဝင်အလည်အပတ်ခရီးစဉ်အေနိတွင်ပြီးဆုံးသည်။

၂၁– အသက်၃၁နှစ်ဟိဗျာယ်ဖြစ်သည့်အောက်စဖို့တက္ကသိုလ်ကျောင်းဆင်းဘူတန်ဘုရင်သည်အောက်တိုဘာလတွင်သူ၏တော်ဝင်သမက်တက်ပွဲကိုပြုလုပ်လားမည်ဟုဆိုသည်။

၂၁– အိန္ဒိယ၏ဂျီဆက်တ်(၈) GSAT-8 ဂြိုဟ်တုကိုဖရန့်ချ်ဂိုင်ယာနာမှတဆင့်အေနိတွင်အာကာသထဲသို့အောင်မြင်စွာပစ်လွှတ်လိုက်သည်။

၂၂– အိုင်ဗရီကို့စ်နိုင်ငံ၏ရွီးကောက်ပွဲနိုင်သမ္မတသစ်အော်ထရာအေနိတွင်သမ္မတအဖြစ်ကျမ်းသစ္စာကျိန်ဆိုသည်။

# ဘင်္ဂလားဒေ့ချ်နိုင်ငံအာဖရိကတွင်စပါးစိုက်မည်



ဘင်္ဂလားဒေ့ချ်နိုင်ငံသည်သူ၏တိုးပွါးလာသောလူဦးရေကိုကာမိမည့်စားနပ်ရိက္ခာဖြည့်ဆည်းရေးစီမံချက်၊အစိတ်အပိုင်းတရပ်အဖြစ်အာဖရိကတိုက်နိုင်ငံအချို့မှလယ်ယာမြီများငှါးရမ်းလျှက်စပါးစိုက်ပျိုးလားမည်ဖြစ်သည်ဟုဆိုသည်။အာဖရိကတိုက်ယူဂန်ဒါ(Uganda)နှင့်တန်ဇန်းနီးယား(Tazania)နိုင်ငံများမှလယ်ဧကဟက်တာ၄၀၀၀၀(၉၉၀၀၀ဧက)ကိုဘင်္ဂလားဒေ့ချ်ကုမ္ပဏီများမှငှါးရမ်းထားဟိပြီးဖြစ်ပါသည်။ယင်းလယ်ယာမြီများမှထွက်ဟိသောဆန်စပါးများ၏၈၀ရာခိုင်နှုန်းကိုဘင်္ဂလားဒေ့ချ်နိုင်ငံသို့ယူဆောင်နိုင်လာမည်ဖြစ်၏။ဘင်္ဂလားဒေ့ချ်နိုင်ငံ၏လက်ဟိလူဦးရေသည်သန်း၁၅၀ဖြစ်ပြီးကမ္ဘာ့ထိပ်တန်းလူဦးရေအသိပ်သည်းဆုံးနိုင်ငံတခုဖြစ်သည့်အေနိုင်ငံသည်ကမ္ဘာတွင်ဆန်နှင့်ဂျုံဝယ်ယူမှုအများဆုံးနိုင်ငံတခုဖြစ်ပါသည်။လွန်ခသည့်၇လအတွင်းသီးနှံဝယ်ယူမှုကုန်ကျစရိတ်မှာအမေရိကန်ဒေါ်လာ၈၈၂သန်းကျော်ဟိသည်။တရုတ်၊အိန္ဒိယနှင့်အခြားနိုင်ငံများစွာရို့သည်အေဂုအခါအာဖရိကတိုက်၌လယ်ယာမြီများငှါးရမ်းကာစိုက်ပျိုးရေးနှင့်အခြားစီးပွါးရေးလုပ်ငန်းများအတွက်အသုံးချနိန်ကတ်ကြောင်းဖြင့်သတင်းများကဆိုပါသည်။ *မေ ၁၇၊ ဘန်ကောက်ပို့စ်။*



“ဝိဇယဘုန်းခေါင်၊
နန်းလုံးမောင်လျှင်
သုံးဆောင်လိုက၊
စိုးဦးဝန်ကို
ကံဒုချယောင်၊ နမသုဝဏ်
လှမျက်မှန်ကို၊ထုံးစံဟိရာ
ဓမ္မတာကော၊
အပ်ပါတော့မည်”

“လောင်းဖေါ်မိကို၊
မျက်စိဆုံးအောင်
ကမ်းကိုယောင်ဗျာ၊
မိခေါင်ကြည့်ထား
ဝီးလေကျင်ကော၊
မမြင်ငြားသို့”

“ကမ္ဘာတန်ဆာ၊
ထုံးစံလာကား
နတ်နဂါးမူ၊
ပြေးဖျားလမ်းကြောင်း
လားတုံသျှောင်းသည်၊
တပေါင်းတန်းရှူး
ဆန်ထူးမာသ၊
ကဆုန်လကား”

“ပွဲမှာကိုင်ကေ
ကျင်တိုင်လားသို့”

"**အဆိုးမြင်ဝါဒီ**သမားတယောက်ရေသူ့**အခွင့်အရေး**တိကို**အခက်အခဲ**တိဖြစ်အောင်လုပ်ပလိုက်တတ်ပြီးကေ**အကောင်းမြင်ဝါဒီ**သမားတယောက်ရေသူ့**အခက်အခဲ**တိကို**အခွင့်အလမ်း**တိဖြစ်လာအောင်လုပ်ပလိုက်တတ်သူဖြစ်ပါရေ"

"သမ္မတတယောက်စွာ**အစိုးရတရပ်အနိန်နန့်ဘဇောင်ပိုင်လုပ်ကိုင်ဆောင်ရွက်လားဖို့လဲ** ဆိုရေအပိုင်းကို**နိုင်ငံရေးနည်းလမ်းကျစွာနားလည်ထား**သူဖြစ်ဖို့လိုအပ်ပါရေ။သို့သော်ယင်းသျှောင်မျိုးနိုင်ငံရေးအသိမဟိပဲလည်း သမ္မတအဖြစ်ရွီးကောက်တင်မြှောက်ခြင်းခံရတတ်ပါရေ"

"အမေရိကားကို**အကြောက်တရား**အပေါ်မှာအခြီခံတည်ဆောက်ခစွာ**မဟုတ်ပါ**။အမေရိကားကို**သတ္တိ၊ ရှပ်လုံးပုံဖေါ်ထုဆစ်မှု၊** ကိုယ့်လက်ထက်မှာကျရောက်လာရေတာဝန်ဝတ္တရားတိအတွက်**တခြားလူတိကတခါလည်းအနိုင်မယူနိုင်လောက်တေခိုင်မာရေဆုံးဖြတ်ချက်**တိအပေါ်မှာအခြီခံတည်ဆောက်ခစွာပါ"

**ဟယ်ရီအက်စ်ထရူးမန်း**

## မေလ ရက်စဥ်ကမ္ဘာ့သတင်းများ

၂၂– အိုင်းစ်လန်းတွင်ကြီးမားသောမီးတောင်ပေါက်ကွဲမှုတခုဖြစ်ပွါးသည်။

၂၃– ဖမ်းဆီးခံဆိုမာလီဓါးမြ၄ယောက်ရို့သည်တောင်ကိုးရီးယားတရားရုံးတွင်ဥပဒေကြောင်းအရဆုံးဖြတ်ခံရန်ဟိနိန်ပြီးတသက်ထောင်ဒဏ်ပြစ်ဒဏ်ဖြစ်ဖွယ်များကြောင်းဖြင့်သတင်းများကဆိုသည်။

၂၃– အမေရိကန်သမ္မတအိုဘားမားသည်သူ၏တပတ်ကြာဥရောပခရီးစဥ်၏ပထမနိအဖြစ်အိုင်ယာလန်နိုင်ငံ၊ဒ္ဒါဘလိန်မြို့တော်သို့ရောက်ဟိလာရာထောင်ပေါင်းများစွာသောအိုင်းရိချ်ပြည်သူများကသောင်းသောင်းဖြဖြကြိုဆိုကတ်ပြီးအမေရိကန်ပြည်ထောင်စုနှင့်အိုင်ယာလန်နိုင်ငံရို့၏နွီးထွီးသောဆက်ဆံရေးကိုအသိအမှတ်ပြုပါကြောင်းအိုဘားမားမှပြောကြားလိုက်သည်။

၂၃– သီရိလင်္ကာနိုင်ငံတွင်ထောင်သားများသည်အစာငတ်ခံဆန္ဒပြကာလွတ်ငြိမ်းချမ်းသာခွင့်တောင်းဆိုမှုဖြစ်ပွါးသည်။

၂၄– အင်္ဂလန်ဖရီးမီးယားလိဂ်မှနာမည်ကြီးအာဆိန်နယ်အသင်းသည်တရုတ်၊မလေးသျှားအသင်းများနှင့်ဂျူလိုင်လတွင်လားရောက်ကဇါပ်လားမည်ဖြစ်ကြောင်းသတင်းထုတ်ပြန်သည်။

၂၄– ဗမာပြည်တွင်နိုင်ငံရေးအကျဥ်းသား၃ဝနီးပါးခန့်သည်ပိုမိုကောင်းမွန်သည့်အခြေအနေများရဟိရေးအတွက်ထောင်ထဲတွင်အစာငတ်ခံဆန္ဒပြကတ်ကြောင်းသတင်းများတွင်ဖေါ်ပြသည်။

၂၅– လွန်ခသောလအနည်းငယ်ကသဘာဝဘေးဒဏ်များဖြင့်ကြုံတွိရပြီးနောက်ပိုင်းဂျပန်နိုင်ငံသည်အေဂုအခါပြန်လည်ဖါထီးနိုင်သည့်အရိပ်လက္ခဏာများကိုစတင်တွိမြင်ရဗျာယ်ဖြစ်ကြောင်းဂျပန်ဘဏ်ဥက္ကဌမှပြောဆိုလိုက်သည်။

၂၅– အေလအစပိုင်းကအဆိုပါလီယဥ်ပျံအမျိုးအစားတစီးပျက်ကျပြီးလူ၂၅ယောက်သီဆုံးပြီးနောက်ပိုင်းတွင်တရုတ်ဖြစ်အမ်အေ–၆ဝအမျိုးအစားလီယဥ်ပျံများအားသူ့နိုင်ငံလီယဥ်ပျံကွင်း၃ကွင်းတွင်ပျံသန်းခွင့်ပိတ်ပင်လိုက်ကြောင်းအိန်ဒိုနီးသျှားအစိုးရမှထုတ်ပြန်ကျေငြာသည်။

၂၅– ဗြိတိန်နိုင်ငံနှင့်အမေရိကန်ပြည်ထောင်စုရို့၏နွီးထွီး၊ရင်းနှီးသောဆက်ဆံရေးသည်ကမ္ဘာကြီး၏ဂုဏ်သိက္ခာကယ်ဆယ်ရေးပိုင်းတွင်အရေးကြီး၍မဟိမဖြစ်သောဆက်ဆံရေးတရပ်ဖြစ်ကြောင်းနှင့်အနောက်အုပ်စု၏ဦးဆောင်မှုသည်ကမ္ဘာကြီးတွင်မလွဲမသွေလိုအပ်ကြောင်းဖြင့်အမေရိကန်သမ္မတအိုဘားမားမှဗြိတိသျှပါလီမန်မိန့်ခွန်းတွင်ထည့်သွင်းပြောကြားလိုက်သည်။



## အမေရိကန်ဒေါ်လာငွီစက္ကူထဲမှရုပ်ပုံလွှာများ



| ငွီစက္ကူ(ဒေါ်လာ) | ပုံရုပ်လွှာ | မှတ်ချက် |
|---|---|---|
| ၁ | ဂျော့ချ်ဝါသျှိန်တန် | ပထမအမေရိကန်သမ္မတ |
| ၂ | ထောမာ့စ်ဂျက်ဖာဆိန် | တတိယမြောက်အမေရိကန်သမ္မတ |
| ၅ | အေဗရာဟမ်လိန်ကန်း | ၁၆ယောက်မြောက်အမေရိကန်သမ္မတ |
| ၁၀ | အလက်ဇန္ဒားဟမ်မီလ်တန် | ပထမဦးဆုံးအမေရိကန်ဘဏ္ဍာရေးအတွင်းဝန် |
| ၂၀ | အန်ဒရူးဂျက်ဆင် | ၇ ယောက်မြောက်အမေရိကန်သမ္မတ |
| ၅၀ | ယူလီးဆက်စ်အက်စ်ဂရန့် | ၁၈ယောက်မြောက်အမေရိကန်သမ္မတ |
| ၁၀၀ | ဘန်ဂျမန်ဖရန်ကလိန် | အမေရိကန်နိုင်ငံရေးဂေါင်းဆောင် |
| ၅၀၀ | ဝီလီယံမက္ကိန်လေ | ၂၅ယောက်မြောက်အမေရိကန်သမ္မတ |
| ၁၀၀၀ | ဂရိုဗာခလီးဗလန်းဒ် | ၂၂နှင့်၂၄ ယောက်မြောက်အမေရိကန်သမ္မတ |
| ၅၀၀၀ | ဂျမ်းစ်မေဒီဆိန် | ၄ယောက်မြောက်အမေရိကန်သမ္မတ |
| ၁၀၀၀၀ | ဆဲလ်မွင်ချဲစ် | အမေရိကန်ဘဏ္ဍာရေးအတွင်းဝန်(၁၈၆၂) |
| ၁၀၀၀၀၀ | ဝူးဒရိုးဝီလ်ဆိန် | ၂၈ယောက်မြောက်အမေရိကန်သမ္မတ |

## မေလ ရက်စဉ်ကမ္ဘာ့သတင်းများ

၂၆– ဗမာပြည်သမ္မတသိန်းစိန်တရုတ်ပြည်သို့ရောက်ဟိသည်။

၂၆– သူ့နိုင်ငံဝက်ဘ်ဆိုဒ်စာမျက်နှာများအားကန့်သတ်၊နှောက်ယှက်မှုများရပ်တန့်ရန်ထိုင်ဝမ်မှတရုတ်သို့ပြောကြားလိုက်သည်။

၂၆– ပါကိစ္စတန်နိုင်ငံတွင်အသီခံဗုံးဖေါက်ခွဲမှုကြောင့်လူ၃၂ယောက်ခန့်သီဆုံးလားသည်။

၂၇– အမေရိကန်သမ္မတဘာရာ့ခ်အိုဘားမားသည်ဥရောပခရီးစဉ်၏ဖြရက်မြောက်နိအဖြစ်ပိုလန်နိုင်ငံသို့အေနိတွင်ရောက်ဟိပြီးနှစ်နိုင်ငံဆက်ဆံရေးများကိုတိုးမြှင့်လားမည်ဟုဆိုသည်။

၂၇– ရာသျှားအပါအဝင်ကမ္ဘာ့စက်မှုထိပ်သီးနိုင်ငံဂေါင်းဆောင်များမှလိဗျားမှဂဒါဖီအားရာထူးမှဆင်းပီးရန်တောင်းဆိုလိုက်ကတ်သည်။

၂၈– မွန်ဂိုးလီးယားနယ်မြေတွင်တရုတ်အုပ်ချုပ်မှုအားဆန့်ကျင်ဆန္ဒပြကတ်သည့်မွန်ဂိုများအားတရုတ်အစိုးရမှအကြမ်းဖက်နှိမ်နင်းမှုကိုအပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစောင့်ကြည့်သူများကဝေဖန်ပြောဆိုလိုက်သည်။

၂၈– ဗြိတိန်နိုင်ငံ၊လန်ဒန်မြို့တော်၌ကျောက်ကတ်သည့်ဥရောပဘောလုံးကလပ်များဖိုလ်လုပွဲတွင်ဘာစေလိုးနားအသင်းသည်မန်ချက်စတာယူနိုက်တက်အသင်းကို၃–၁ဖြင့်အနိုင်ရဖိုလ်စွဲလားသည်။

၂၉– ကမ္ဘာ့စက်မှုထိပ်သီး၈နိုင်ငံ၏ဂဒါဖီရာထူးမှဆင်းပီးရေးကြော်ငြာချက်ကိုလိဗျားသူပုန်များမှကြိုဆိုလိုက်ပြီးတနလ်ာနိတောင်အာဖရိကသမ္မတနှင့်ဂဒါဖီတွိဆုံရာတွင်ဂဒါဖီနှုတ်ထွက်ရေးကိုပြောဆိုလိမ့်မည်ဟုမျှော်လင့်ပါကြောင်းပြောဆိုလိုက်ကတ်သည်။

၃၀– သက္ကရာဇ်၂၀၂၂ခုနှစ်တွင်ဂျာမဏီ၏အားလုံးသောအနုမြူဓါတ်ပေါင်းဖိုများကိုအပြီးသတ်လျှော့ချလားမည်ဖြစ်ရာဈျူကလီးယားမဟိသည့်ကမ္ဘာကြီးဖြစ်စီရေးရည်မှန်းချက်တွင်ဂျာမဏီသည်စံပြဖြစ်လာလိမ့်မည်ဖြစ်ကြောင်းဂျာမန်အဓိပတိအန်ဂျလာမားကယ်မှပြောဆိုလိုက်သည်။

၃၁– ဆာဗီးယားအာဏာပိုင်များသည်စစ်ဖက်အကြီးအကဲဟောင်းရာတ်ကိုမလာဒိအားအေနိတွင်နယ်သာလန်နိုင်ငံဟိဂ်မြို့တရားရုံးသို့စစ်ရာဇဝတ်မှုများအားရင်ဆိုင်ရန်ပို့လိုက်ဗျာယ်ဖြစ်ကြောင်းသတင်းများတွင်ဖေါ်ပြသည်။

**‘နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်’ဝယ်ယူအားပီးသူများ၊ကူညီဖြန့်ချီပီးသူများနှင့်ရက္ခိုင်အမျိုးကောင်းသား၊အမျိုးကောင်းသမီးအပေါင်းအားအထူးကျေးဇူးတင်ဟိကြောင်းမှတ်တမ်းတင်အပ်ပါသည်။**

**Sources:** *(သတင်းနှင့်အချက်အလက်များကို အောက်ဖေါ်ပြပါသတင်းဌါနများနှင့် စာအုပ်စာတမ်းများမှ စုဆောင်းရယူပါသည်။)*

ရခိုင်ဝေါဟာရအဘိဓါန်ကျမ်း (အသျှင်ဝါသဝ)

ရခိုင်ရှေးဟောင်းမြို့တော်များ (ထွန်းရွှေခိုင်—စစ်တွေကောလိပ်)

Time Magazine

Oxford Essential Biographical Dictionary

The New York Times Alamanac (2007)

The New Book of Knowledge (2005)

Student Discovery Encyclopedia (2003)

Countries of the World and Their Leaders Yearbook (2004)

Chronicle of the 20th Century

The Complete Book of U.S. Presidents

http://www.bangkokpost.com/news/

http://www.bbc.co.uk/news/

http://www.cnn.com/

http://www.news24.com/

http://www.topix.com/world/south-america

http://www.smh.com.au/



**Harry S. Truman**

**ဟယ်ရီအက်စ်ထရူးမန်း**

(၃၃ ယောက်မြောက်အမေရိကန်သမ္မတ)

**မွီးနိ။** ။ မေ ၈၊ ၁၈၈၄။

**ဘဝသက်တမ်း။** ။ ၁၈၈၄ –၁၉၇၂။

**မွီးရပ်။** ။ လာမာ၊ မိဇ္ဇူရီပြည်နယ်။

**အမိ။** ။ Martha Ellyn Young Truman

**အဖ။** ။ John Anderson Truman

**မယား။** ။ ဘက်စ်ဝါးလေ့စ်ထရူးမန်း။

**သားသမီးများ။** ။ မာဂရက်။

**ကောလိပ်/တက္ကသိုလ်။** ။ ကောလိပ်ကျောင်းမနိန်ဖူးပါ။

**အသက်မွီးအလုပ်အကိုင်။** ။ လယ်သမား၊ အဝတ်ဆိုင်ပိုင်သျှင်။

**နိုင်ငံရေးလုပ်သက်။** ။ အထက်လွှတ်တော်အမတ်၊ဒုသမ္မတ၊သမ္မတ။

**ပါတီ။** ။ ဒီမိုခရက်ထိခ်။

**ဒေသခံပြည်နယ်။** ။ မိဇ္ဇူရီ။

**သမ္မတရွီးကောက်ပွဲသက်တမ်းတလျှောက်အတိုက်အခံများ။** ။ Thomas E. Dewey, Henry A. Wallace. James Strom Thurmond

**သမ္မတသက်တမ်း။** ။ Apr 12, 1945မှJan 20, 1953ထိ။(ဒုတိယကမ္ဘာစစ်ပွဲကာလအတွင်းသမ္မတရူစဘဲ့ဆုံးပါးလားချိန်တွင်ဒုသမ္မတအဖြစ်မှသမ္မတတာဝန်ကိုဝင်ရောက်ထမ်းဆောင်ခရသူဖြစ်ပါသည်။)

**ဒုတိယသမ္မတ။** ။ အယ်လ်ဘန်ဒဗလျူဘာကလေ (Alben W. Barkley)။




(အန်ဒေးဗား အာကာသ ယဉ်အားအာ ကာသထဲသို့ စတင်ပစ်လွှတ် ရန်အဆင်သင့် အနိန်အထား တွင်ဟိနိန်ခ စဉ်က)




အမေရိကန်အာကာသလွန်းပျံယဉ်အန်ဒေးဗား(Endeavour) သည်အာကာသစူးစမ်းလေ့လာရေးတာဝန်များကို၁၉နှစ်ကြာထမ်းဆောင်လားပြီးဖြစ်ပါသည်။အန်ဒေးဗား၏ပထမဦးဆုံးသောအာကာသခရီးစဉ်ကို၁၉၉၂ခုနှစ်၊မေလ၇ရက်တွင်စတင်ခပြီး၂၀၁၁ခုနှစ်အထိ၁၉နှစ်တာကာလအတွင်းအာကာသခရီးစဉ်ပေါင်း၂၅ကြိမ်လားရောက်ခပြီးဖြစ်သည်။၄င်းယဉ်၏အာကာသထဲတွင်လေ့လာစူးစမ်းမှုပြုလုပ်သည့်ရက်ပေါင်း၂၉၉ရက်အတွင်းကမ္ဘာပတ်လမ်းကြောင်းထဲတွင်၄၆၇၁ကြိမ်တိတိပျံသန်းခပြီးခရီးအကွာအဝီးမိုင်ပေါင်း၁၂၂.၉သန်းနီးပါးလားရောက်ခပြီးဖြစ်ကြောင်းအမေရိကန်အမျိုးသားအာကာသစူးစမ်းလေ့လာရေးအုပ်ချုပ်မှုအဖွဲ့(နာဆာ-NASA)၏သတင်းအချက်အလက်များအရသိဟိရပါသည်။အာကာသယဉ်အန်ဒေးဗားသည်အဆိုပါယဉ်၏၁၆ရက်ကြာနောက်ဆုံးခရီးစဉ်အတွင်းတွင်အမေရိကန်ဒေါ်လာသန်းပေါင်း၂၀၀၀အကုန်အကျခံတည်ဆောက်ထားပြီးအလီးချိန်ပေါင်၁၅၀၀၀ဟိသည့်အာကာသစူးစမ်းရေးစက်ကိရိယာ(Alpha Magnetic Spectrometer)အားအာကာသဆိုင်ရာသတင်းအချက်အလက်များပိုမိုစုဆောင်းရဟိစီရန်အတွက်အန်ဒေးဗားနှင့်လိုက်ပါလားသည့်အာကာသယဉ်မှူးဖ၆ဦးရို့မှအပြည်ပြည်ဆိုင်ရာအာကာသစခန်းတွင်တပ်ဆင်ပီးခကတ်လီသည်။လွန်စွာတာဝန်ကျေပွန်သည့်အန်ဒေးဗားပါပေ။ ***(မေ၃၁၊ BBC/CNN)***

ဘာစေလိုးနားအသင်းသည်မန်ချက်စတာယူနိုက်တက်နှင့်UEFAချန်ပီယံလိဂ်ဖိုင်နယ်တွင်တွိဆုံကဇါပ်ကတ်ပြီးဥရောပတိုက်၏အကောင်းဆုံးကလပ်ဆုကို၃နှစ်အတွင်းဒုတိယအကြိမ်အဖြစ်ရဟိလားဗျာယ်ဖြစ်ပါသည်။ဖိုင်နယ်ပွဲတွင်ဘာစေလိုးနားသည်မန်ချက်စတာယူနိုက်တက်အသင်းကို၃ဂိုး–၁ဂိုးဖြင့်အနိုင်ရဟိခြင်းဖြစ်ပြီးဘာစေလိုးနားအတွက်ဂိုးများကိုပယ်ဒရို(Pedro)၊လီယိုနေမက်ဆီ(Lionel Messi)နှင့်ဒေးဗိဗီလာ(David Villa)ရို့မှသွင်းယူခကတ်ခြင်းဖြစ်ပြီးမန်ချက်စတာယူနိုက်အတွက်ဂိုးကိုမူဝိန်နေရူနယ်(Wayne Rooney)မှသွင်းယူခြင်းဖြစ်သည်။လီယိုနေမက်ဆီအနိန်ဖြင့်ဖိုင်နယ်ပွဲတွင်သွင်းလိုက်သည့်ဂိုးသည်ချန်ပီယံလိဂ်ပွဲစဉ်တလျှောက်တွင်၁၂ဂိုးမြောက်ဂိုးဖြစ်ပြီးနယ်သာလန်မှဗန်နေးစထရွိုင်းတင်ထားခသောစံချိန်နှင့်တန်းတူဖြစ်လားသည်။ပြိုင်ပွဲအပြီးတွင်မန်ချက်စတာယူနိုက်တက်မန်နေဂျာဆာအဲလက်စ်ဖာဂူဆိန်က“အကျွန်ရို့အေနှစ်အတွက်ဥရောပဖလားကိုမျှော်လင့်ခပါရေ၊သို့သော်အကျွန်ရို့ထက်ပိုကောင်းရေအသင်းဘားမှာသျှုံးလားပါရေ”ဟုရိုးရိုးရိုးသားသားပင်ပြောဆိုလားပါသည်။ ***(မေ၂၉၊ဘန်ကောက်ပို့စ်)***



*၂၀၁၁ခုနှစ်၏ချန်ပီယံလိဂ်ဖလားကိုရဟိလားသည့် ဘာစေလိုးနားအသင်းသားများအောင်ပွဲခံနိန်စဉ်*

# သတင်းဖတ်ပနာမြီပုံကြည့်





တပါတီစံနစ်ဖြင့်အုပ်ချုပ်သည့်ဗီယက်နမ်နိုင်ငံတွင် မေလ ၂၂ရက်နိကအစိုးရကိုယ်စားလှယ်ရွှီးကေါက်ပွဲများကျင်းပရာတွင်ဗီယက်နမ်ပြည်သူများအား တက်သရောပါဝင်မဲပီးကတ်ကြောင်းသိဟိရသည်။ ဘဇောင်ပင်မဲပီးသည်ဖြစ်စီကွန်မြူနိပါတီတခုတည်းကပင်လျှင်နိုင်ငံအာဏာအရပ်ရပ်ကိုချုပ်ကိုင်ထားဟိမည်ဖြစ်သော်လည်းပြည်သူများမှာမဲပီးခွင့်ရသည်ကိုပင်ပျော်ရွှင်ကျေနပ်နိန်ကတ်ကြောင်းနှင့်မဲပီးသူပြည်သူတယောက်ကဆိုလျှင်ဒေဆန္ဒမဲပီးပွဲသည်ဗီယက်နမ်ပြည်သူများအတွက်ကြီးကျယ်သည့်နိုင်ငံရေးအခွင့်အလမ်းတရပ်အဖြစ်မှတ်ယူပြောဆိုပြီးအခြားတယောက်ကမူဆန္ဒမဲပီးသူပြည်သူများသည်ရွှီးကောက်ခံကိုယ်စားလှယ်များနှင့်ပါက်သက်၍များများစားစားသိဟိခွင့်ရကတ်သည်မဟုတ်ကြောင်းဖြင့် ဝေဖန်ပြောဆိုသည်။ ***(မေ ၂၂၊ ဘန်ကောက်ပို့စ်)***



ကမ္ဘာ့အဆင်းရဲဆုံး(သို့မဟုတ်)ဖွံ့ဖြိုးတိုးတက်မှုအနေးကွေးဆုံးနိုင်ငံများ(၄၈နိုင်ငံ) (Least Developed Countries – LDCs) မှကိုယ်စားလှယ်များသည်တူရကီနိုင်ငံအီစတန်ဘူလ်မြို့တော်တွင်၂၀၁၁ခုနှစ်၊မေလဒုတိယပါတ်အတွင်းကတွိဆုံလျှက်အနာဂါတ်တွင်ယင်းနိုင်ငံများ၏တိုးတက်ရေးအတွက်အသီးသီးဆွေးနွေးလားကတ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂမှကမကထပြုလုပ်ကျင်းပသည့်အဆိုပါအစည်းအဝေးသို့တက်ရောက်လာကတ်သည့်ကိုယ်စားလှယ်များမှာအောက်ပါနိုင်ငံများမှဖြစ်ကတ်ပါသည်–

*အာဖဂန်နိစတန်၊အန်ဂိုလာ၊ဘင်္ဂလားဒေ့ချ်၊ဘူတန်၊ဘာကီနာဖာဆို၊ဘူရွန်ဒီ၊ကမ္ဘောဒီးယား၊ကိပ်ဗါဒီ၊ဗဟိုအာဖရိကသမ္မတနိုင်ငံ၊ချာ့ဒ်၊ကိုမိုရို၊ကွန်ဂိုဒီမိုခရက်ထိခ်သမ္မတနိုင်ငံ၊ဒီဂျေဘူတီ၊အီကွာထိုရီယယ်ဂိုင်နီးယား၊အီရီတြီးယား၊အီသီယိုးပီးယား၊ဂမ်ဘီယာ၊ဂိုင်နီးယား၊ဂိုင်နီးယယားဘီဆူ၊ဟေတီ၊ကီရီဘာတီ၊လာအိုပြည်သူ့ဒီမိုခရက်ထိခ်သမ္မတနိုင်ငံ၊လီဆိုသို၊လိုက်ဘေးရီးယား၊မာဒါဂါဆကာ၊မာလာဝီ၊မော်လဒိုက်ဗ်၊မာလီ၊မော်ရီတန်းနီးယား၊မိုဇမ်ဗိ၊မြန်မာ၊နီပေါ၊နိုင်ဂျာ၊ရဝမ်ဒါ၊ဆာမိုအာ၊ဆော်တိုနှင့်ပရိန်စီပီ၊ဆီနီဂေါလ်၊ဆီရီယာလီယွန်၊ဆော်လိုမွန်ကျွန်းစုနိုင်ငံ၊ဆိုမာလီယာ၊ဆူဒန်၊တီမောလက်စ်တယ်၊တိုဂို၊တူဗာလူ၊ယူဂန်ဒါ၊တန်ဇန်းနီးယားပြည်ထောင်စုသမ္မတနိုင်ငံ၊ဘနော်တူ၊ယီမိန်၊ဇမ်ဘီယာ။*

***(မေ ၉၊ ဘန်ကောက်ပို့စ်။)***




နီပေါနိုင်ငံမှတောင်တက်သမား'မဟာသျှီးပါး'(Super Sherpa) သည်ကမ္ဘာ့အမြင့်ဆုံးဧဝရက်တောင်ထိပ်သို့ ၂၁ကြိမ်မြောက် အရောက်တက်ကာ(သူ့စံချိန်ကိုသူချိုးပနာ)ကမ္ဘာ့စံချိန်သစ်တင်လိုက်သည်။သျှီးပါးသည်သူ့အသက်၁၂နှစ်ခန့်အရွယ်မှစ၍တောင်ပေါ်ခရီးလားများ၊တောင်တက်သမားများ၏အိတ်ဆွဲအဖြစ်နှင့်လိုက်ပါလုပ်ကိုင်ဆောင်ရွက်လာသူဖြစ်ပြီးသူသည်၁၉၈၉ခုနှစ်တွင်ဧဝရက်တောင်ထိပ်သို့ပထမဦးဆုံးအကြိမ်အဖြစ်ရောက်ဟိသည်။ယင်းနောက်တွင်နှစ်စဉ်နှစ်တိုင်းလိုလိုပင်တနှစ်လျှင်တကြိမ်ကျစီကမ္ဘာ့အမြင့်ဆုံးနေရာသို့အရောက်တက်လာသူဖြစ်သည်ဟုဆိုသည်။အေဂုအခါသျှီးပါးသည်အသက်၅၁နှစ်ဟိနိန်ဗျာယ်ဖြစ်သည်။

***(မေ ၁၁၊ ဘီဘီစီ)***

*မျက်နှာဖုံးဆောင်းပါးမှ*

မေ ၁၇။ ။ ကယ်လီဖိုးနီးယားအုပ်ချုပ်ရေးမှူးဟောင်းအာနိုးရွှာဇနဲနေဂါသည်သူ၏ မိသားစုဝင်များအတွင်းအလုပ်လုပ်ပေးနေသည့်အိမ်ဖော်မတယောက်နှင့်ဖေါက်ပြန်ကာအချောတယောက်လျို့ဝှက်စွာမွေးဖွားထားကြောင်းအနှစ်တွင်ဝန်ခံသတင်းထုတ်ပြန်သည်။

မေ ၂၃။ ။ ဖမ်းဆီးခံဆိုမာလီဓါးမြ၄ယောက်ရှိသည်တောင်ကိုးရီးယားတရားရုံးတွင်ဥပဒေကြောင်းအရဆုံးဖြတ်ခံရန်ဟိုနိုင်ပြီးတသက်ထောင်ဒဏ်ပြစ်ဒဏ်ဖြစ်ဖွယ်များကြောင်းဖြင့်သတင်းများကဆိုသည်။

မေ ၂၅။ ။ သမ္မတလောင်းအဖြစ်ဝင်ရောက်အရွေးခံမဲဆွယ်စဉ်ကာလအတွင်းသုံးစွဲခဲ့သည့်ငွေကြေးများ၊ကျူးလွန်ခဲ့သည့်လိင်မှုကိစ္စများအတွက်အမေရိကန်အထက်လွှတ်တော်အမတ်ဟောင်းဂျွန်အက်ဒွက်သည်ထိုက်သင့်သောပြစ်ဒဏ်များကိုအပြီးခံရဖွယ်ဟုကြောင်းဖြင့်သတင်းများတွင်ဖော်ပြသည်။

မေ ၂၆။ ။ ဘော့စနီးယားဆာ့ဘ်စစ်တပ်အကြီးအကဲရာတိုမလာဒွေသည်အနေနိုတွင်အဖမ်းခံရပြီးဆာဗီးယားအနိုင်ဖြင့်အဆိုပါပုဂ္ဂိုလ်အားစစ်ရာဇဝတ်မှုဖြင့်ကမ္ဘာ့ကုလသမဂ္ဂစစ်တရားခုံရုံးသို့တင်သွင်းလားရန်လိုလားသည်။

မေ ၂၆။ ။ ရဝမ်ဒါတွင်မျိုးတုံးသတ်ဖြတ်မှုကျူးလွန်သည့်ရာဇဝတ်ကောင်သံသယစာရင်းဝင်တဦးဖြစ်သူမုန်ယားဂီသျှာရီသည်၁၇နှစ်ကြာထွက်ပြေးနေရာမှအနေနိုတွင်အဖမ်းခံရသည်။

မေ၃၁။ ။ ဆာဗီးယားအာဏာပိုင်များသည်စစ်ဖက်အကြီးအကဲဟောင်းရာတ်ကိုမလာဒိအားအနေနိုတွင်နယ်သာလန်နိုင်ငံဟိဂ်မြို့တရားရုံးသို့စစ်ရာဇဝတ်မှုများအားရင်ဆိုင်ရန်ပို့လိုက်ဗျာယ်ဖြစ်ကြောင်းသတင်းများတွင်ဖော်ပြသည်။

အထက်ပါသတင်းအကျဉ်းချုပ်တိထဲကအဖြစ်အပျက်တိကိုကြည့်လိုက်ဖို့ဆိုကေအကြမ်းဖျဉ်းပြောလို့ရနိုင်စွာအချက်နှစ်ချက်ဟိပါရေ။တခုကအာဏာပါဝါကိုအလွဲသုံးစားလုပ်ပနာတခြားအာဏာပါဝါမဟိရေလူတိကိုအလေးဂရုမပြုပဲနှိမ့်ချချိုးနှိမ်ဗျာယ်ရက်ရက်စက်စက်သတ်ဖြတ်ပစ်ခြင်းဆိုရေအချက်နန့်အာဏာပါဝါမြင့်ရေလူတချို့ကကိုယ့်ကုသိုလ်ကံအကြောင်းကြောင့်ဖြစ်တည်လာရေအောင်မြင်ကျော်ကြားမှုဒဏ်အသျှိန်အဝါကိုမခံနိုင်ပဲဆန္ဒရမ္မက်နောက်ကိုလိုက်မိလို့အရှက်ရစရာအခြေအနေတိနန့်အတုဘဝဆုံးပါးလားခြင်းဆိုရေအချက်တိပင်ဖြစ်ပါလိမ့်မေ။ယင်းပုဂ္ဂိုလ်တိရေဘဇောင်ပုဂ္ဂိုလ်တိလည်းကြည့်ပါတချက်။ဆိုမာလီဓါးမြတိကလွဲကေကျန်ရေပုဂ္ဂိုလ်တိအားလုံးရေထောင်မှူးကြီးတိ၊ဗိုလ်ချုပ်ကြီးတိ၊စစ်ဦးစီးချုပ်တိ၊သမ္မတတိ၊သမ္မတလောင်းတိ၊ပြည်နယ်အုပ်ချုပ်ရေးမှူးတိ၊တိုင်းသိ၊ပြည်သိ၊ကမ္ဘာသိပုဂ္ဂိုလ်တိချေးဖြစ်ကတ်ပါရေ။နောက်ဆုံးကမ္ဘာ့ကုလသမဂ္ဂ၏အကြီးတန်းအရာဟိချုပ်တယောက်တောင်ယင်းစာရင်းထဲမှာပါလိုက်ပါသိရေ။

ဂျူးဖြသန်းကျော်ကိုသတ်ဖြတ်ပစ်မှုမှာပါဝင်ခရေနာဇီအကျဉ်းစခန်းမှူးပိုင်လူမျိုးကိုတော့ကေအထက်ကအမိန့်ပေးလို့ယင်းချင့်တိကိုလုပ်ခရစွာပါလို့လုပ်ငန်းသဖေါ်အရစောဒကတက်ပြောဖို့ဆိုကေပြောလို့ရပါရေ။



*ကမ္ဘောဒီးယားတွင်ပိုလ်ပေါ့၏ခမာနီအုပ်ချုပ်မှုကိုထင်ဟပ်သည့်မြင်ကွင်းတရပ်*

(တဖက်ပုံ)

၁၉၇၄ခုနှစ်အေပရယ်မှာနိုင်ငံကိုတိုက်ခိုက်သိမ်းပိုက်ပြီးရေနောက်၊သန်းနန့်ချီရေလူတိကိုရက်ရက်စက်စက်သတ်ဖြတ်ပစ်ခရေကမ္ဘောဒီးယားကခမာနီကွန်မြူနိဂေါင်းဆောင်တိကိုဘဇောင်ပြောပါဖို့ရောင်။ပိုလ်ပေါ့(Pol Pot)ဂေါင်းဆောင်မှုအောက်ကလိုက်လုပ်နိန်ခစွာပါလို့ပြောကောင်းကေလည်းသေချာစွာကတော့ကေသူရို့ကိုယ်တိုင်နိုင်ငံတနိုင်ငံ၏အစိုးရဂေါင်းဆောင်တိဖြစ်ခကတ်စွာပါ။တနည်းအားဖြင့်နိုင်ငံတော်အစိုးရတရပ်အနိန်နန့်နိုင်ငံလည်ပတ်တေယန္တရားကိုပဲ့ကိုင်လှည့်နိန်ခကတ်တေပုဂ္ဂိုလ်တိပါ။သို့သော်သူရို့လည်ဖြစ်ခကတ်တေယန္တရားကသေနတ်ပေါင်းစုံကိုင်ဆောင်ထားပြီးကေအာဏာပါဝါဟိရေသူရို့တိက**တခုလက်နက်လည်းကိုင်ဆောင်မထားရေ၊အာဏာပါဝါလည်းမဟိရေပြည်သူတိကို**အယူ**အဆကွဲလွဲမှုဆိုရေအကြောင်းတခုတည်းနန့်**သန်းနန့်ချီပနာတခုကိုလည်းဂရုမစိုက်ပဲ**ရက်ရက်စက်စက်သတ်ဖြတ်ပစ်တေယန္တရားမျိုးပါ။**





*ရဝမ်ဒါမှသတ်ဖြတ်ခံလူ့အရိုးစုရုပ်ပုံလွှာများ(ဘယ်) နှင့်*

*ဘော့စနီးယားမှအစုလိုက်အပြုံလိုက်မြှပ်နှံခံရသူများ၏သချိုင်းမြင်ကွင်း(ညာ)*

၁၉၉၄ခုနှစ်မှာဖြစ်ပွါးခရေရဝမ်ဒါကလူများစုဟူတူ(Hutu)တိစံနစ်တကျအကွက်ချဗျာယ်လူနည်းစုတူစီ(Tutsi)တိကိုမျိုးတုန်းသတ်ဖြတ်ပစ်မှုမှာပါဝင်ဗျာယ်ဇိမ်ပြေနပြေလူသတ်နိန်ခရေစစ်ရာဇဝတ်ကောင်သည်လည်းကောင်း၊အာဂျိန်ထီးနားကစစ်အရာဟိများသည်လည်းကောင်း၊၁၉၉၀ကျော်မှာအယင်ယူဂိုဆလဗ်နိုင်ငံဟောင်းကခွဲအထွက်၊ဖြစ်ပျက်ခရေဘောစနီးယား–ဟာဇီဂိုဗီးနား(Bosnia and Herzegovina)အရေးအခင်းမှာထောင်ပေါင်းများစွာသောပြည်သူလူထုတိကိုသတ်ဖြတ်ပစ်ဖို့အမိန့်ပေးခရေဘောစနီးယားကစစ်ဦးစီးချုပ်ဟောင်းရာတ်ကိုမလာဒွေ(Ratko Mladic)သည်လည်းကောင်းနေရာဒေသ၊အချိန်ကာလ၊ပုံသဏ္ဍာန်နန့်ဖြစ်ပျက်ပုံချင်းထပ်တူထပ်မျှမကျကေရာနိန်ပါဖို့။လက်နက်နန့်အာဏာပါဝါတိကိုအလွဲသုံးစားလုပ်ဗျာယ်အခြားလက်နက်မဟိရေ၊အာဏာမဟိရေလူတိကိုဂရုမစိုက်လွန်းစွာသတ်ဖြတ်ပစ်ခြင်းဆိုရေအချက်မှာတော့ကေအားလုံးလားလို့တူညီနိန်ကတ်စွာသေချာလှပါရေ။

*စာမျက်နှာ ၁၄ သို့*

# စောပြည့်ညိုရက္ခိုင်စာအုပ်စင်

*(ရခိုင်အကြောင်းကိုအပြည့်အစုံ(သို့မဟုတ်)တစိတ်တစောင်း ဖော်ပြရှိသားထားရေစာအုပ်တိရေကမ္ဘာ့ဘာသာအသီးသီးထဲမှာအများကြီးဟိန်နိန်ကြောင်းသူတေသနပြုချက်တိအရ သိဟိရပါရေ။ အကျွန်ုပ်ရို့၏'စောပြည့်ညိုရက္ခိုင်စာအုပ်စင်' ကဏ္ဍာရေယင်းစာအုပ်တိကိုရှာဖွီပနာရခိုင်စာဖတ်ပရိတ်သတ်နန့်(တလမှာတအုပ်စီ)မိတ်ဆက်ပီးလားဖို့ဆိုရေရည်ရွယ်ချက်နန့်စီစဥ်တင်ပြထားခြင်းဖြစ်ပါရေ။)*




**စာအုပ်နာမည်။** ။ The Raiders of Arakan

**စာရှိးသူ။** ။ C. E. Lucas Phillips

**ထုတ်ဝီသူ။** ။ Heinemann: London

**ထုတ်ဝီသည့်ခုနှစ်။** ။ ၁၉၇၁။

**စာမျက်နှာ။** ။ ၁၉၇ မျက်နှာ။

**စာအုပ်တန်ဖိုး။** ။ ၂၀ ဒေါ်လာဝန်းကျင်တွင်ဟိပါသည်။

အေစာအုပ်မှာဒုတိယကမ္ဘာစစ်အတွင်းကာလ ၁၉၄၁မှ၁၉၄၅ထိနှစ်များတွင်အင်္ဂလိပ်နှင့်ဂျပန်တပ်များ အာသျှစစ်မြီပြင်တွင်အပြိုင်ကြဲကတ်ချိန်ကတိုက်ပွဲများ၏ အစိတ်အပိုင်းမှတ်တမ်းတရပ်ဖြစ်ပါသည်။အထူးသဖြင့် ၁၉၄၃-၄၄နှစ်များအတွင်းရခိုင်စစ်မြီပြင်တွင်အင်္ဂလိပ်ဦး ဆောင်သည့်စစ်ကြောင်းကြီးများအိန္ဒိယတောင်ပိုင်း (လက်ဟိဘင်္ဂလားဒေ့ချ်)မှတဆင့်ရခိုင်ပြည်ထဲသို့ဝင် ရောက်တိုက်ပွဲဆင်နွဲကတ်ပုံများကိုရှိးသားထားသည့်စာ အုပ်ဖြစ်ပါသည်။မဏိပူရနယ်မှသည်နဂါးရေအဂူအထိ ရှည်လျှားသည့်ရခိုင်ရိုးမတောင်တန်းကြီးခံနိန်သည့်အ တွက်အင်္ဂလိပ်တပ်များသည်မြန်မာပြည်အတွင်းပိုင်းသို့ ဝင်ရောက်ရေးအတွက်ရခိုင်ပြည်ဖက်တွင်စစ်ပွဲအယင် ဆင်နွဲရသည့်အခြေအနေများကိုလည်းကောင်း၊တောင် တန်းကြီးများ၊မြစ်၊ချောင်းများပေါ်များလွှမ်းသောကြောင့် စစ်ကြောင်းချီရာတွင်အခက်အခဲဟိပုံများကိုလည်းမြီပုံ များနှင့်တကွဖော်ပြရှိးသားထားသည်ကိုတွိရပါသည်။ ကုလားတန်မြစ်ကြောင်း၊မေယုမြစ်ကြောင်းနှင့်နတ်မြစ် ကြောင်းများကိုပထဝီအမှီပြုလျှက်ရခိုင်ပြည်တွင်းသို့စစ် ကြောင်းများခွဲကာမဟာဗျူဟာကျကျဝင်ရောက်ကတ်ပုံ များကိုရှိးသားထားပါ၏။

စာရှိးသူအင်္ဂလိပ်စစ်ဗိုလ်မှူးချုပ်လူးကာ့စ်ဖီး လိစ်(Lucas Phillips)သည်အနောက်အာဖရိကမှလေ့ ကျင့်ယူဆောင်လာသည့်ကပ္ပလီစစ်သည်များ(အမှတ်၈၁ နှင့်၈၂တပ်မများ)၊အိန္ဒိယနယ်မြီထဲတွင်တဝက်တပျက် လေ့ကျင့်ထားသည့်ဒေသခံစစ်သည်များ၊ရီကြောင်းကျွမ်း ကျင်သည့်ရခိုင်သားများ၊စစ်သည်များအစဟိသည်ရို့ကို စုပေါင်းလျှက်ရခိုင်ပြည်သိမ်းဂျပန်တော်လှန်ရေးတိုက်ပွဲ များအကြောင်းကိုသူ့အတွိအကြုံများအားအခြီခံလျှက် ပီပီပြင်ပြင်ရှိးဖွဲ့ထားပါသည်။ယင်းအချိန်ကအရှိတောင် အာသျှအင်္ဂလိပ်စစ်သေနာပတိချုပ်လော့မောင့်ဘက်တန် ၏အမှာစာလည်းပါဟိပါသည်။

မြန်မာနိုင်ငံထဲတွင်အစဦးဂျပန်တော်လှန်ရေး ဆင်နွဲသည့်ရခိုင်ပြည်သိမ်း၊ရခိုင်စစ်ပြန်ရဲဖော်အများအ ပြားသည်ပင်လျှင်ရန်ကုန်မြို့သိမ်းတိုက်ပွဲများတွင်အရေး ပါ၊အရာရောက်စွာဖြင့်ပါဝင်ဆင်နွဲကတ်ပုံများကိုလည်း မှတ်ချက်ချရှိးသားထားသည်ကိုတွိရပါသည်။

စစ်ရေးစစ်ရာများကိုရခိုင်ပြည်၏ပထဝီအနိန် အထားများ၊တောများ၊တောင်များ၊မြစ်ဝှမ်းများနှင့်တွဲ ဖက်လျှက်ဖတ်ချင်သူများအေစာအုပ်ကိုဖတ်ပါ။

• • • • • • • • • • •

***မှတ်ချက်။ ။ ရက္ခိုင်အမျိုးကောင်းသား၊အမျိုးကောင်းသမီးရို့အနိန်ဖြင့်တဆင့်ဝယ်ယူပီးစီလိုပါကအေစာစဥ်အယ်ဒီတာ သို့ဖုန်းဖြင့်ဖြစ်စီ၊စာဖြင့်ဖြစ်စီ၊အီးမဲလ်ဖြင့်ဖြစ်စီအသေးစိတ် ကိုမိန်းမြန်းဆက်သွယ်ဝယ်ယူနိုင်ကတ်ပါရေ။ ကျေးဇူးတင်ပါရေ။***

## *စာစဥ်မှာယူလိုလျှင်*

အေသတင်းစဥ်ဝယ်ယူ အားပီးချင်သူများအနိန်ဖြင့်အောက် ဖော်ပြပါနီးစပ်ရာစာစဥ်ကူညီဖြန့်ချီ ပီးသူများမှတဆင့်ဆက်သွယ်ဝယ်ယူ နိုင်ကတ်ပါရေ။ ကျေးဇူးတင်ပါရေ။

ကို ကျော်သိန်း (ချီကာဂို)

☎ ၇၇၃-၄၁၄-၂၈၁၃

*ကို ဦးသိန်းမောင် (အိုင်အိုဝါ)*

☎ ၅၁၅-၃၂၆-၄၆၂၂

ကို အောင်ထွန်းစိန် (ပိစ်ဘာ့ဂ်)

☎ ၄၁၂-၄၀၃-၇၈၂၂

*ကို နိုင်မင်းဇံ (ဘာဖဲလို)*

☎ ၇၁၆-၁၀၈-၃၅၆၆

ဂိုးချေ (ယူတား)

☎ ၈၀၁-၅၁၂-၁၀၃၆

*ကို စောသိန်းမောင် (ချီကာဂို)*

☎ ၆၃၀-၇၄၉-၈၀၈၃

ကို အောင်နိုင်ဝင်း (မီဇူရီ)

☎ ၈၁၆-၆၄၆-၀၉၂၃

ကိုယ့်ဘားမြို့ရွာများသို့ ဖေသာပို့ချင်ပါလား? လက်ဟိပေါက်ဈီးနှင့် အယင်ဆုံးရောက်အောင် ပို့ဆောင်ပီးပါသည်။

*ကိုဦးသိန်းမောင်*

*(ဖုန်း-၅၁၅-၃၂၆-၄၆၂၂)သို့ ဆက်သွယ်ကတ်ပါရန်။*



*မျက်နှာဖုံးဆောင်းပါး/စာမျက်နှာ ၁၂ မှအဆက်*

ကိုင်–သတ်ကတ်၊ဖြတ်ကတ်မှုတိအပြီးမှာဆန္ဒရမ္မက်နယ်ကျံ့မှုတိကြောင့်ကျော်မကောင်း၊ကြားမကောင်းဖြစ်ကတ်ရရေအကောင်ကြီးကြီး၊မတုန်းရှည်ရှည်ပုဂ္ဂိုလ်တိဖက်ကိုတခေါက်ချေကြည့်ကတ်ပါမေ။



*(အိမ်ဖေါ်အမျိုးသမီးနှင့်ဖေါက်ပြန်သည့်ရုပ်ရှင်မင်းသားပြည်နယ်အုပ်ချုပ်ရေးမှူး၊ကမ္ဘာ့လူသန်ကြီး အာနိုး)*

ရုပ်ရှင်မင်းသားအာနိုး( Arnold Schwarzenegger)လို့ဆိုကေအကျွန်ရို့အားလုံးမသိရေလူမဟိသလောက်ဖြစ်ပါရေ။ကမ္ဘာ့အသန်မာဆုံးလူသားအဖြစ်မောင်စကြ်ာဝဠာဘွဲ့ကို၄ခါတောင်ရဖူးပြီးကေကမ္ဘာကျော်လာရေလူသန်ကြီးပါ။ယင်းနောက်မှာ*တာမီနေတာ*ရို့ပိုင်နာမည်ကြီးရုပ်ရှင်ကားတိမှာသရုပ်ဆောင်မှုတိနန့်အတူအာနိုးကိုပိုလို့လူသိများလာပါရေ။ယင်းနောက်မှာအမေရိကန်သမ္မတဟောင်းခယ်နေဒီရို့ဆွီမျိုးစာရင်းဝင်အမျိုးသမီးတယောက်နန့်လက်ထပ်မှု၊အမေရိကန်၏လူဦးရေအများဆုံးပြည်နယ်တခုဖြစ်တေခယ်လီဖိုးနီးယားမှာအုပ်ချုပ်ရေးမှူးဖြစ်လာမှုအစဟိရေအခြင်းအရာတိကြောင့်အာနိုးဘဝတလျှောက်လုံးမှာသူများတိ၏ခါတ်ပုံအရိုက်မခံရရေနိမဟိသလောက်ဖြစ်နိန်လီဖို့ထင်ပါယင့်။သို့သော်၂၀၁၁ခုနှစ်၊မေလ၁၇ရက်နောက်ပိုင်းမှာသူ့ကိုရိုက်ကတ်တေခါတ်ပုံတိရေအယင်ပိုင်သျှောင်မျိုးသဖေါ်ထားနန့်ရိုက်ကတ်လီဖို့စွာတော့ကေမဟုတ်ပါ။အာနိုးကိစ္စကသူရို့မိသားစုဘားမှာအိမ်ဖေါ်တာဝန်ထမ်းဆောင်လာရေအမျိုးသမီးတယောက်နန့်လျှို့ဝှက်စွာပေါင်းသင်းပနာအချေတောင်ရနိန်ရေကိစ္စပါ။ဆယ်နှစ်တောင်ဟိပါဗျာယ်လုတ်။ကြိုက်တေပိုင်ရာမှတ်ချက်ချလီကတ်ပါဖိ။



*(နယူးယော့မြို့တွင်မုဒိန်းမှုဖြင့်ဖမ်းဆီးခံရသည့်အပြည်ပြည်ဆိုင်ရာငွေကြေးရံပုံငွေအဖွဲ့၏ညွှန်ကြားရေးမှူးချုပ် ဒိုမိနိစထရော့ခန် )*

ဒိုမိနိစထရော့ခန်(dominik stros kan)ကိုကြည့်ပါ။ပြည်နယ်တခုခု၊နိုင်ငံတခုခုမှာတောင်မဟုတ်ပါ။ကမ္ဘာ့ကုလသမဂ္ဂ၏ထိပ်တန်းညွှန်ကြားရေးမှူးချုပ်တယောက်ပါ။အပြည်ပြည်ဆိုင်ရာငွေကြေးရံပုံငွေအဖွဲ့(IMF)၏အကြီးအကဲဖြစ်ပါရေ။လာဖို့နှစ်ပြင်သစ်ပြည်သမ္မတရွီးကောက်ပွဲပြိုင်ပွဲမှာလက်ဟိသမ္မတဆာကိုးဇီကိုအင်ပြည့်၊အားပြည့်ယှဉ်ပြိုင်နိုင်စွမ်းဟိရေလို့တစ်ကပြီးနိန်ရေပုဂ္ဂိုလ်ပါ။နယူးယော့မြို့လည်ကတရက်ကိုဒေါ်လာ၃၀၀၀ပီးရရေပထမတန်းစားဟိုတယ်ခန်းမှာအလုပ်လာလုပ်တေလူမဲမတယောက်ကိုမဖွယ်မရာပြုကျင့်မှုပင်ဖြစ်ပါရေ။ မယားကြီးကဟိ၊ အသက်ကကြီး၊ရာထူးကဆင်ထက်သန်ရေလူတယောက်ယင်းသျှောင်မျိုးဖြစ်ဖြစ်အောင်ဖြစ်လိုက်ပါသိရေ။ယေပြီးကေပုဂ္ဂိုလ်ကတခုလည်းမဖြစ်တေယောင်မျိုးခပ်တည်တည်နန့်ထွက်လားဗျာယ်ပြင်သစ်သို့အပြန်လီယဉ်ပျံထက်မှာဖမ်းမိစွာပါ။



*(မဲဆွယ်ပွဲဗီဒီယိုရိုက်သမနှင့်လိင်ဖေါက်ပြန်ပြီးအချေတယောက်ရသည့်သမ္မတလောင်းအရွီးခံသူအထက်လွှတ်တော်အမတ်ဟောင်းဂျွင်အက်ဒွက်)*

မေလထဲမှာဗျာယ်တရားရုံးတက်နိန်ရရေအမေရိကန်သမ္မတလောင်းတယောက်ကိုလည်းကြည့်ပါတချက်။၂၀၀၈ခုနှစ်သမ္မတရွီးကောက်ပွဲကိုတီဗွီကနိန်တဆင့်အကျွန်ကောင်းကောင်းကြည့်ဖြစ်ပါရေ။ဒီမိုခရက်ထိခ်ပါတီကသမ္မတလောင်းအများကြီးရွီးချယ်ခံကတ်တေအထဲမှာဂျိန်းဘောင်းဖီဝတ်ဝတ်ဗျာယ်အာဘောင်အာရင်းသန်သန်နန့်စကားပြောတတ်တေတောင်ခယ်ရိုလိုင်းနားကအထက်လွှတ်တော်အမတ်ဟောင်းဂျွင်အက်ဒွက်(John Edward)ရေဘာရာ့ခ်အိုဘားမား၊ဟယ်လာရီခလိန်တန်ရို့ပြီးကေတတိယနိန်ရာမှာဟိနိန်ခရေနောက်ဆုံးလက်ရွီးစင်သမ္မတလောင်းတယောက်ဖြစ်ခပါရေ။ယင်းမဲဆွယ်နိန်တုန်းကာလမှာပင်သူ့မဲဆွယ်ပွဲကိုဗီဒီယိုရိုက်ပီးရေအမျိုးသမီးတယောက်နန့်ယင်းပုဂ္ဂိုလ်ကျူးလွန်ပနာအချေတယောက်ရပြန်ပါဗျာယ်။အေဂုရုံးတက်ရရေကိစ္စကမဲဆွယ်လို့သူသမ္မတဖြစ်ဖို့အတွက်ပြည်သူတိကလှူဒါန်းထောက်ပံ့ရေဖေသာတိကိုသူ့လိင်သရမ်းရေကိစ္စမှာသုံး၊မသုံးဆိုစွာကိုဖယ်ဒရယ်တရားရုံးတော်ကစစ်ဆေးကြားနာနိန်စွာဖြစ်ပါရေ။

ဆိုကေဖြစ်စွာတိဖြစ်လို့၊ပျက်စွာတိပျက်နိန်စွာတိကိုအတိုသျှုံးပနာပြောပြပြီးရေနောက်မှာအကျွန့်ဆောင်းပါးဂေါင်းစဉ်ကိစ္စဖက်ကိုပြန်လှည့်ကတ်ပါမေ။အက်ဖ်အေအိုင်ဒီ(FAID)စွာရေအင်္ဂလိပ်စာလုံး၄လုံးကအစစာလုံးတိကိုယူထားရေအတိုကောက်တခုဖြစ်ပါရေ။အစစာလုံး F က Fear (အကြောက်တရား)ကယူထားစွာပါ။Aကတော့ကေAnger(ဒေါသမာန်မာန)ကိုတင်းစားထားစွာပါ။ I ကတော့ကေ Ignorance (မောဟတရား)ကိုရည်ညွှန်းပြီးကေနောက်ဆုံးစာလုံး D ကတော့ကေ Desire (အလိုဆန္ဒ)ကိုကိုယ်စားပြုပါရေ။အင်္ဂလိပ်ဝေါဟာရတိနန့်ထည့်ပြောနိန်လို့အထူးအဆန်းမထင်ပါကေ့။ယင်းချင့်တိရေအကျွန်ရို့ဗုဒ္ဓမြတ်စွာဖုရားသျှင်ကိုယ်တော်မြတ်ဟောတော်မူရေ“**အဂတိတရားလေးပါး**”ကိုညွှန်းဆိုလိုက်ခြင်းပင်ဖြစ်ပါရေ။အထက်မှာတင်ပြခရေအဖြစ်အပျက်တိအားလုံး၏အခြေခံအကြောင်းတရားစွာ**အထက်ကအမိန့်ကိုမလွန်ဆန်ဝံ့လို့၊ကိုယ်ဒုက္ခရောက်ဖို့စွာကိုကြောက်လို့**ဆိုရေ“**ဘယာဂတိ**”၊ လက်နက်အားကိုးနန့်**အာဏာမာန်ယစ်**ပနာလုပ်မိရေ**ဒေါသဂတိ၊**(ဆိုမာလီခါးမြတိပိုင်)**အမှားအမှန်ကိုဝေဖန်စီစစ်ဖို့အားနည်း**ရေ**မောဟဂတိ၊**ပညာတတ်၊လူတတ်၊လူတော်တိဖြစ်နိန်ကတ်သည့်တိုင်**အလိုဆန္ဒနောက်ကိုကောက်ကောက်ပါအောင်လိုက်**မှားကျူးလွန်မိရေ**ဆန္ဒာဂတိ**ရို့ပင်ဖြစ်ပါကြောင်းနှင့်အဂတိတရားကင်းစင်၍သန့်သျှင်း၊မှန်ကန်သောလူ့ဘောင်လောကကိုတည်ဆောက်နိုင်ကတ်ပါစီကြောင်းဆုတောင်းပတ္တနာပြုလိုက်ပါသတည်း။ ။

**ကမ္ဘာ့ဂေါင်းဆောင်များကဏ္ဍ**

> “လူငယ်တိုကိုပြောလိုက်ပါရစီ— မင်းတိုင်းပြည်က မင်းအတွက်ဇာတိလုပ်ပီးနိုင်ရေလဲ ဆိုစွာထက်မင်းတိုင်းပြည်အတွက်မင်းဇာတိလုပ်ပီးနိုင်ဖို့လဲဆိုရေမိန်းခွန်းကိုမိန်းကတ်စီချင်ပါရေ”
>
> ◆ ◆ ◆
>
> “ကမ္ဘာ့ပြည်သူတိကိုလည်းပြောလိုက်ပါရစီ—အမေရိကန်ပြည်ထောင်စုက မိတ်ဆွီရို့အတွက်ဇာတိလုပ်ပီးနိုင်ရေလဲ ဆိုစွာထက်အမေရိကန် ပြည်ထောင်စုနန့်အတူတူပူးပေါင်းဗျာယ်လူသားထု၏ လွတ်မြောက်ရေးအတွက်ဘဇောင်ပိုင်သျှောင်ဆောင်ရွက်ကတ်ဖို့လဲဆိုရေမိန်းခွန်းကိုမိန်းကတ်စီချင်ပါရေ”
>
> ဂျွင်အက်ဖ်ခယ်နေဒီ

# ဂျွင်အက်ဖ်ခယ်နေဒီ (John F. Kennedy)



သူရို့မိသားစု၏ညီအစ်ကိုမောင်နှမ ၉ ယောက်အနက်ဒုတိယအကြီးဆုံး၊ဒုတိယမြောက်သားရတနာလည်းဖြစ်သည့်ဂျွင်ဖီဇရယ်လ်ခယ်နေဒီ (John Fitzgerald Kennedy) ကို၁၉၁၇ခုနှစ်၊မေလ၂၉ရက်နိတွင်မက်ဆာချူးဆက်(Massachusetts)ပြည်နယ်၊ဘော့စထွန်(Boston)မြို့၏ဆင်ခြီဖုံးအရပ်တွင်မွီးဖွါးခပါသည်။သူ၏ဖခင်ဂျိုးဇက်ဖီခယ်နေဒီ(Joseph P. Kennedy)သည်ဒေါ်လာသန်းပေါင်းများစွာချမ်းသာသည့်လူကုန်ထံတဦးဖြစ်ပြီးသမ္မတရူစဘဲ့လက်ထက်တွင်အမေရိကန်ပြည်ထောင်စု၏လုံခြုံရေးနှင့်ဖလှယ်ရေးကော်မသျှင်(Securities and Exchange Commission)၏ဥက္ကဌအဖြစ်၁၉၃၄–၃၅နှစ်များတွင်လည်းကောင်း၊ ၁၉၃၅မှ၁၉၄၀အထိဂရိတ်ဗြိတိန်နိုင်ငံဆိုင်ရာအမေရိကန်သံအမတ်ကြီးအဖြစ်လည်းကောင်းတာဝန်ထမ်းဆောင်ခသည့်နာမည်ကြီးနိုင်ငံရေးသမားတဦးလည်းဖြစ်ပါသည်။ ဖခင်ဖြစ်သူဂျိုးဇက်ခယ်နေဒီသည်သူ့သားသမီးများတယောက်ချင်းစီ၏အသက်၂၁နှစ်ပြည့်မြောက်တိုင်းအမေရိကန်ဒေါ်လာတသန်းစီကိုပီးအပ်သောအလေ့အထဟိသူလည်းဖြစ်လီသည်။မိခင်ဖြစ်သူမှာမူပညာအရည်အချင်းမြင့်မားစွာတတ်မြောက်ပြီးလူသိများထင်သျှားသည့် အိုင်းရိချ်–အမေရိကန်(Irish-American)မိသားစုဝင်တဦးဖြစ်ခ လီသည်။

ဂျွင်အက်ဖ်ခယ်နေဒီသည်၁၉၄၀ခုနှစ်တွင်နိုင်ငံရေးသိပ္ပံ(Political Science)အထူးပြုဘာသာရပ်ကိုဂုဏ်ထူးဆုနှင့်အတူဟားဗာ့တက္ကသိုလ်မှဘွဲ့ရခလီသည်။သူ၏“ဘဇာကြောင့်အိန္ဂလန်အိပ်မောကျနိန်ခရေလဲ” (Why England Slept)စာတမ်းမှာအရောင်းရအကောင်းဆုံးစာရင်းဝင်စာတမ်းတခုဖြစ်ခပါသည်။ဒုတိယကမ္ဘာစစ်စတင်သည့်အခါခယ်နေဒီသည်အမေရိကန်ရီတပ်တွင်ဝင်ရောက်တာဝန်ထမ်းဆောင်ရာသူရို့၏ရီတပ်သဖော်သည်တောင်ပစိဖိတ်သမုဒ္ဒရာအတွင်းတွင်ဂျပန်တော်ပီဒိုထိမှန်ပြီးသူရို့၏ကင်းလှည့်သဖော်ချေတွင်လိုက်ပါလာသူအခြားနှစ်ယောက်သီဆုံးလားလီသည်။ခယ်နေဒီမှာမူနောက်ကုန်းတွင်ရဟိသောဒဏ်ရာနှင့်အတူသမုဒ္ဒရာထဲတွင်နာရီပေါင်းများစွာကူးခတ်နိန်ခရလီသည်။ပိုမို၍အံ့သြစရာနှင့်ဂုဏ်ပြုစရာကောင်းသည့်အချက်မှာထိုဒဏ်ရာနှင့်အတူသူတယောက်တည်းကိုယ်လွတ်ရုန်းကူးခတ်နိန်ခြင်းမဟုတ်ပဲသူ့ထက်ပိုမိုပြင်းထန်သောဒဏ်ရာရသူရဲဖော်တဦးကိုဆယ်ယူကူးခတ်နိန်ခြင်းပင်ဖြစ်ပါသည်။ယင်းသို့ဖြင့်နာရီပေါင်းများစွာကူးခတ်ပြီးနောက်ခယ်နေဒီရို့ရဲဖော်၊ရဲဖက်နှစ်ယောက်သည်တောင်ပစိဖိတ်သမုဒ္ဒရာ၏ကျွန်းချေတကျွန်းသို့ရောက်ဟိလားကတ်လီသည်။နှလုံးသားလှ၍သူရဲကောင်းလည်းဆန်သည့်အဆိုပါလုပ်ရပ်အတွက်ခယ်နေဒီသည်အမေရိကန်ရီတပ်မရိန်းအထူးဆုတံဆိပ်နှင့်အတူ Purple Heart ဆုတံဆိပ်များကိုချီးမြှင့်ခြင်းခံခရလီသည်။

သူ၏မိသားစုဝင်အားလုံးနီးပါး၏ကူညီမဲဆွယ်ပီးမှုများနှင့်အတူ၁၉၄၆ခုနှစ်တွင်အမေရိကန်အောက်လွှတ်တော်အမတ်အဖြစ်ရွီးကောက်တင်မြှောက်ခြင်းခံခရလီသည်။ ထိုနောက်၁၉၄၈နှင့်၁၉၅၀ခုနှစ်ရွီးကောက်ပွဲများတွင်မူသူ၏ပြိုင်ဖက်အောက်လွှတ်တော်အမတ်လောင်းများအားအလွယ်ချေနှင့်ပင်ကျော်ဖြတ်အရွီးခံရပြန်သည်။၁၉၅၃ခုနှစ်တွင်ဂျက်ကလိန်းလီဘွိုင်ဘွာ(Jacqueline Lee Bouvier — နောက်ပိုင်းတွင်ဂျက်ကလိန်းခယ်နေဒီဟုလူသိများလာသူ)နှင့်လက်ထပ်သည်။ထိုနောက်သူရို့၏အိမ်ထောင်သက်တမ်းတွင်သမီးကြီးတယောက်နှင့်သားငယ်နှစ်ယောက်ကိုမွီးဖွါးခကတ်လီသည်။သားနှစ်ယောက်အနက်တယောက်မှာမွီးဖွါးပြီးမကြာခင်မှာပင်ဆုံးပါးလားခလီသည်။

အမေရိကန်ပြည်သူ့လွှတ်တော်တွင်သူရို့၏ယုံကြည်မှုအတွက်ရပ်တည်တိုက်ပွဲဝင်သူလွှတ်တော်အမတ်များသည်သူရို့၏အလုပ်တွင်စွန့်စား၊အနစ်နာခံလုပ်ကိုင်ကတ်ရပုံများကိုအခြီခံလျက်ခယ်နေဒီရွီးသားခသည့် “သတ္တိနှင့်ယှဉ်သည့်ပုံရုပ်လွှာများ” (Profiles in Courage) စာအုပ်သည်အတ္ထုပ္ပတ္တိကိုယ်ရေးရာဇဝင်အရွီးအသားများဆိုင်ရာနယ်ပယ်၌ပိုလိဇာဆု(Politzer Prize)ချီးမြှင့်ခြင်းခံခရလီသည်။

ယင်းသို့ဖြင့်အမေရိကန်နိုင်ငံရေးလောကတွင်သြဇာတက္ကိမအထိုက်အလျောက်ဟိလာဗျာယ်ဖြစ်သည့် ခယ်နေဒီသည်၁၉၆၀ခုနှစ်၊သူ၏အသက်၄၃နှစ်အရွယ်တွင် ရီဖာဗလီကိန်သမ္မတရိချာ့အမ်နီဆိန်(Richard M. Nixon)ကိုယှဉ်ပြိုင်လျှက်ဒီမိုခရက်ထိပါတီ၏သမ္မတလောင်းအဖြစ်အမေရိကန်သမ္မတရွီးကောက်ပွဲတွင်ဝင်ရောက်အရွီးခံသည်။

→

# ကိုင်ညာနိုင်ငံ

## (Republic of Kenya)








ကိုင်ညာနိုင်ငံသည်အီကွေတာမျဉ်းပေါ်တွင်တည်ဟိသည့်အာဖရိကတိုက်အရှိပိုင်းနိုင်ငံဖြစ်သည်။၁၉၇၈ခုနှစ်မှစတင်ကာသမ္မတမွိုင်(MOI)၏တပါတီအုပ်ချုပ်မှုအောက်တွင်ဟိနိန်ခသည့်အေနိုင်ငံသည်၁၉၉၂ခုနှစ်တွင်ပါတီစုံဒီမိုခရေစီစံနစ်ကိုစတင်ကျင့်သုံးသောနိုင်ငံဖြစ်လာပြီးယင်းနောက်တွင်လည်းဖွဲ့စည်းပုံအခြီခံဥပဒေသစ်ရွီးဆွဲခြင်းကိစ္စ၊ရွီးကောက်ပွဲတွင်မသမာပြုကျင့်မှုကိစ္စများနှင့်အတိုင်းအတာတခုထိပြဿနာများဟိနိန်ခပေသည်။ကိုင်ညာ၏နိုင်ငံတော်ဖွဲ့စည်းပုံအခြီခံဥပဒေသစ်ကို၂၀၁၀ခုနှစ်တွင်ရွီးဆွဲအတည်ပြုလိုက်ပြီးအနာဂါတ်ရွီးကောက်ပွဲများတွင်နိုင်ငံအစိုးရ၏အာဏာအရပ်ရပ်ကိုနိုင်ငံတော်ဝန်ကြီးချုပ်မှတာဝန်ယူအုပ်ချုပ်သည့်နိုင်ငံဖြစ်လာလိမ့်မည်ဟုမျှော်လင့်ရပေသည်။

**တရားဝင်အမည်။** ။ ကင်ညာသမ္မတနိုင်ငံ။

**တည်ထောင်သည့်ခုနှစ်။** ။ ၁၉၆၃

**မြို့တော်။** ။ နိုင်ရိုဘီ (Nairobi) ။

**အဓိကမြို့ကြီးများ။** ။ မုန်ဘာဆာ (Mombassa) ။

**လူဦးရေ။** ။ ၄၁ သန်း (ခန့်မှန်း၂၀၁၁)။

**လူဦးရေသိပ်တည်းမှုနှုန်း။** ။ ၁စတုရန်းမိုင်လျှင် ၁၄၆ ယောက် (၁ စတုရန်းခီလိုမီတာလျှင် ၅၆ ယောက်)။

**အကျယ်အဝန်း။** ။ ၂၂၄၉၆၁ စတုရန်းမိုင် ( ၅၈၂၆၅၀ စတုရန်းကီလိုမီတာ)။

**ပြောဆိုသည့်ဘာသာစကား။** ။ ကီဆွာဟီလီ၊အင်္ဂလိပ်၊ကီကူယူ၊လူဝို၊ကာလန်ဂျိန်း၊ ကမ်ဘာ။

**ကိုးကွယ်သည့်ဘာသာ။** ။ ခရိယံ၆၀ ရာနှုန်း၊မိရိုးဖလာကိုးကွယ်ယုံကြည်မှု၂၅ ရာနှုန်း၊မူဆလိန် ၆ ရာနှုန်း၊အခြား ၉ ရာနှုန်း။

**နိန်ထိုင်သည့်လူမျိုးများ။** ။ ကီကူယူ ၂၁ရာနှုန်း၊လောယာ၁၄ရာနှုန်း၊လူဝို ၁၃ ရာနှုန်း၊ကာလန်ဂျိန်း၁၁ရာနှုန်း၊ ကမ်ဘာ ၁၁ ရာနှုန်း၊ အခြား ၃၀ ရာနှုန်း။

**အစိုးရ။** ။ သမ္မတစံနစ်။

**ငွိကြီးယူနိ။** ။ ၁ ကိုင်ညာသျှီလိန် (Shilling) လျှင် ၁၀၀ (Cent) ဆန့်။

**စာတတ်မြောက်မှုနှုန်း။** ။ နိုင်ငံလူဦးရေ၏ ၈၄ ရာနှုန်း။

**ခယ်လိုရီစားသုံးမှု။** ။ ၂၀၅၈ ခယ်လိုရီ။

ကမ္ဘာ့နိုင်ငံများ
မိတ်ဆက်ကဏ္ဍ

The Arakan International
နိုင်ငံတကာရေးရာ ရက္ခိုင်သတင်းစဉ်

ရက္ခိုင့်လူ့အဖွဲ့အစည်း
အမြိုပြုသတင်းစဉ်
ဖြစ်ပါသည်။

ဖတ်ပါ။မှတ်ပါ။လေ့လာပါ။

ဆွေးနွေးအကြံပြုပါ။

ဝေဖန်သုံးသပ်ပါ။

စာမူ၊ကြော်ငြာနန့်
ရက္ခိုတန္ဒယ်ဖွါးရို့၏
လှုပ်သျှားမှုသတင်းများကို
ပီးပို့အားပီးနိုင်ကတ်ပါရေ။

ပူးပေါင်း၊ဆက်သွယ်၊
ဆောင်ရွက်ကတ်ပါ။
အထူးကျေးဇူးတင်ပါရေ။

**Editor:**
**Oo Thein Maung**

ဆက်သွယ်ရန်လိပ်စာ
1107 S Washington St.
Wheaton, IL 60189
U.S.A.

1-630-682-3616 (Home)
1-630-956-3382 (Cell)
theai2011@hotmail.com

တန်ဖိုး ၇ ဒေါ်လာ
၃ စောင်/ ၃လ စာ ၂၀ ဒေါ်လာ
၆ စောင်/ ၆လ စာ ၄၀ ဒေါ်လာ
၁ နှစ်စာ ၇၅ ဒေါ်လာ

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အက်ဖ်အေအိုင်ဒီ (FAID) | ၁ |
| အယ်ဒီတာ့စကား | ၂ |
| မေလ | ၃ |
| မေလရက်စဉ်ကမ္ဘာ့သတင်းများ | ၄-၉ |
| မြီပုံကြည့်ယက်ပင်းသတင်းဖတ်၊သတင်းဖတ်ပနာမြီပုံကြည့် | ၁၀-၁၁ |
| စောပြည့်ညိုရခိုင်စာအုပ်စင် | ၁၃ |
| ပြုံးပြုံးရယ်ရယ်အသက်ရှည် | ၁၅ |
| ဂျွှင်အက်ဖ်ခယ်နေဒီ (John F. Kennedy)(မောင်သာပေါ်-ရမ်းဗြဲ) | ၁၆ |
| အင်္ဂလိပ်စကားပြောကတ်မေ | ၁၈ |
| အဆင့်မြင့်အင်္ဂလိပ်ဝေါဟာရများ | ၁၉ |
| ကိုင်ညာနိုင်ငံ | ၂၀ |


အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝေသည်။